# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday 14 January 2019 ၉၅၃၁


# ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ခုတင် ၃၂၀ ဆံ့ပြီး ကင်ဆာရောဂါကုသမှု ဆေးနှင့် ဆေးပစ္စည်းကိရိယာများ လုံလောက်စွာပံ့ပိုးထား





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအထောက်အကူပြုကော်မတီနာယက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံ (Oncology Ward)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထောက်အကူပြုကော်မတီနာယက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပါမောက္ခချုပ်/ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရီရီမြင့်နှင့် ဒေါက်တာမြင့်မြင့်အေးတို့က ကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

> **“တစ်နိုင်ငံလုံးတွင် ကင်ဆာမှတ်ပုံတင်စနစ်(Cancer Registry)ကို စတင်ပြုလုပ်နေပြီဖြစ်သဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုအခြေအနေများကို ပိုမိုတိကျစွာသိရှိနိုင်ကာ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ရာ၌ ပိုမိုမှန်ကန်တိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်”**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထောက်အကူပြုကော်မတီနာယက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကင်ဆာရောဂါဝေဒနာခံစားနေရသော ဝေဒနာရှင်များအနေဖြင့် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသမှုများကို သက်သောင့်သက်သာရှိစွာဖြင့် ခံယူရရှိနိုင်ရန် ယခုကင်ဆာကုသဆောင်သစ်ကြီးကို နိုင်ငံတော်အစိုးရမှဘဏ္ဍာငွေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## ယ နေ့ သ တင်း အ ညွှန်း

**စစ်ကိုင်းမြို့တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပ**

စာမျက်နှာ »»» ၄



**ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာလျက်ရှိသည့် စက်စက်ယိုကျေးရွာမှ မြန်မာ့ရိုးရာဓလေ့နှင့် ဆံရစ်ဝိုင်းယဉ်ကျေးမှု**

စာမျက်နှာ »»» ၈






ကြေးမုံ

# တိုင်းပြည်နှင့် လူမျိုး စီးပွားရေးဖွံ့ဖြိုး

နိုင်ငံတော်နှင့်နိုင်ငံသားများ လူမှုစီးပွားမြင့်မားတိုးတက်ရေးတွင် အဓိကအရင်းအမြစ်မှာ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေး ဈေးကွက် စဉ်ဆက်မပြတ် လွတ်လပ်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေရန်မှာ အရေးကြီးသည်။ စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းခြင်း၊ အဟန့်အတား ဖြစ်ခြင်းသည် စီးပွားရေးတိုးတက်မှု ထိခိုက်နိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။

ရောင်းဝယ်ဖောက်ကားမှု ကောင်းမွန်လျှင်၊ ဈေးကွက်ကျယ်ပြန့်နေလျှင် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ပြီး ပြည်သူများအတွက် လူမှုစီးပွားဘဝ အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်မှုယန္တရား ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ လုပ်ငန်းရှင်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကဏ္ဍ မြင့်မားတိုးတက်အောင် မြှင့်တင်ရမည်ဖြစ်သည်။

ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ငွေပင်ငွေရင်းပြည့်စုံခြင်း၊ လိုအပ်သောကုန်များ အမြောက်အမြား ထုတ်လုပ်နိုင်ခြင်း၊ ကုန်ကြမ်းအလုံအလောက်ရှိခြင်း၊ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ ကျွမ်းကျင်သူများရှိခြင်း၊ နည်းစနစ်ကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ သယ်ယူပို့ဆောင်မှုပြည့်စုံခြင်း၊ ဈေးကွက်ကောင်းများပေါ်များခြင်း စသည့်အချက်များ ပြည့်စုံမှသာ ကူးသန်းရောင်းဝယ်ရေးကောင်းမွန်ပြီး တိုင်းပြည်နှင့် လူမျိုးစီးပွားရေး ဖွံ့ဖြိုးနိုင်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ဆယ်စုနှစ်ကာလအတွင်းက ကုန်သွယ်မှုကဏ္ဍတွင် ထိုအချက်များ အတော်အတန်ပြည့်စုံခဲ့သည်။ အထူးသဖြင့် ပို့ကုန်သွင်းကုန်ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့သည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်များ၊ သစ်တောနှင့်တွင်းထွက်ပစ္စည်းများမှာ ကမ္ဘာ့နိုင်ငံများအလယ်တွင် ထင်ရှားကျော်ကြားပြီး ပို့ကုန်နှင့် သွင်းကုန်ပမာဏမျှတသောကြောင့် တစ်နိုင်ငံလုံးကုန်စည်စီးဆင်းမှု ကောင်းမွန်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုနိုင်သည်။

မျက်မှောက်ကာလတွင် ပို့ကုန်၊ သွင်းကုန်များအား အိမ်နီးချင်းနိုင်ငံကိုသာ မှီခိုအားထားနေရပြီး ကုန်းလမ်းပို့ဆောင်မှုဖြင့် နယ်စပ်ကုန်သွယ်မှုကို အားပြုရသည်။ သွင်းကုန်များကို နယ်စပ်မှကုန်သွယ်မှုပြုရာ၌ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်ရေးတွင် အခက်အခဲများရှိနိုင်သည်။ ထို့ကြောင့် နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးကို နိုင်ငံတော်က စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသည်။

ပို့ကုန်အပိုင်းတွင် မကြာသေးမီက မြန်မာနိုင်ငံ ဒေသအသီးသီးမှ ထွက်ရှိသော သစ်သီးများကို နယ်စပ်ဂိတ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် ဂိတ်ပိတ်သွားသဖြင့် သစ်သီးပို့ဆောင်မှု ဆိုင်းငံ့သွားပြီး သစ်သီးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ရသည်။ ယင်းသို့ဖြစ်ပေါ်ခဲ့သည်ကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနကဦးဆောင်၍ သက်ဆိုင်ရာနိုင်ငံ သံရုံးနှင့် ပတ်သက်ဆက်နွှယ်ရာဌာနများ ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ရာ နောက်တစ်ရက်တွင် နယ်စပ်ကုန်သွယ်ဂိတ်ကို ယာယီ ပြန်လည်ဖွင့်လှစ်ပေးနိုင်သဖြင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်မှုကို တားဆီးပေးနိုင်ခဲ့သည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကုန်သွယ်မှုကဏ္ဍ စီးဆင်းမှု မှန်ကန်ချောမွေ့ရေးသည် အထူးအရေးကြီးသောအချက်ဖြစ်သဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲမရှိစေရန်အတွက် နိုင်ငံတော်အစိုးရက ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေးထားပြီး ထိုကော်မတီနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ စဉ်ဆက်မပြတ်တွေ့ဆုံ၍ လိုအပ်ချက်များ၊ အခက်အခဲများအား ညှိနှိုင်းကူညီဖြေရှင်းဆောင်ရွက်ပေးကာ မြန်မာ့စီးပွားရေးကို ကာကွယ်မြှင့်တင်ဆောင်ရွက်ပေးနေသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍ စီးဆင်းမှုလွယ်ကူကောင်းမွန်ပြီး ပို့ကုန်ပမာဏမြင့်မားရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းလာရေး၊ ဈေးကွက်နယ်ပယ်သစ်များချဲ့ထွင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးတို့ကို တိုးတက်ဖော်ဆောင်ခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မြစ်ကြီးနားမြို့ )

၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၃

| | | |
|---|---|---|
| ဟားခါး | -၁ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၃ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၅ | ဒီဂရီစင်တီဂရိတ် |

# လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးရုံးကနောင်ခန်းမ၌ ကျင်းပသည်။



### ဆောင်ရွက်ပေးခဲ့

ရွှေဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် ဆောင်ရွက်နေသည့် အလုပ်သမားများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် လုပ်သားများအတွက် နှစ်လတာစီမံချက်ဖြင့် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများကို ကွင်းဆင်းပြီး ငွေကုန်ကြေးကျ သက်သာစွာဖြင့် လုပ်ငန်းခွင်မပျက် ဆောင်ရွက်ပေးခဲ့သဖြင့် လုပ်သား ၇၈၈၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း။

ယခု စာသင်နှစ်အတွင်း၌ အခြေခံပညာကျောင်းပေါင်း ၃၄၄ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၃၀၂၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် လူတစ်ဦးတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်သည့် ကတ်ပြားဖြစ်ပြီး ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထုတ်ပေးရကြောင်း၊ ဘိုးဘွားစဉ်ဆက် မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး သက်ဆိုင်ရာရုံးများ၌ ကိုယ်တိုင်သွားရောက် လျှောက်ထားဖြည့်သွင်းဆောင်ရွက်ရသည့် လုပ်ငန်းလည်းဖြစ်ကြောင်း။

### မရှိမဖြစ်လိုအပ်သည့် ကတ်ပြား

ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လာရောက်လျှောက်ထားရယူနိုင်ခြင်း မရှိသည့်အတွက် ဌာနဝန်ထမ်းများသည် ရပ်ကွက်၊ ကျေးရွာများနှင့် စာသင်ကျောင်းများအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ပြည်သူများ အချိန်ကုန်၊ ငွေကုန် သက်သာစွာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်နိုင်ကြပြီဖြစ်ကြောင်း၊ ယခုကဲ့သို့နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရပ်ကွက်၊ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် အလွယ်တကူရရှိကြသော်လည်း ပြည်သူတစ်ဦးချင်းအနေဖြင့် မရှိမဖြစ်လိုအပ်သည့် ကတ်ပြားဖြစ်သည့်အတွက် စနစ်တကျ တန်ဖိုးထား ကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မကြာခင်ကာလတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားကို နိုင်ငံတကာ အဆင့်မီ Smart Card အဖြစ်ပြောင်းလဲ ထုတ်ပေးနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အတွက် အဘက်ဘက်ကစနစ်တကျလေ့လာသုံးသပ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလုပ်ငန်းစဉ်များသည် ဌာန၏ လုပ်ငန်းတာဝန်များဖြစ်သော်လည်း အခြားဆက်စပ်ဌာနများအပြင် ပြည်သူများမှ ပူးပေါင်းကူညီ ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာပြည်သူများကိုယ်စား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပေးအပ်ကြရာ ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှိုင်သာယာမြို့နယ်အတွင်း သစ္စာစီမံချက်ဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၅၀၅ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၈၉၀၊ လဲလှယ်သူ ၈၁၄ ဦးနှင့် ပျောက်/ပျက်၊ မိတ္တူလျှောက်ထားသူ ၁၈၂၉ ဦး စုစုပေါင်း ၆၀၃၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့သည်။

ယခုအခမ်းအနားတွင် လှိုင်သာယာမြို့နယ် ၈၊ ၁၄၊ ၁၆၊ ၁၉ ရပ်ကွက်များနှင့် ရှမ်းချောင်းကျေးရွာအုပ်စု၊ ရေညက်ကုံ၊ ကစင်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၁၂၄၇ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပူတာအိုမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ကျောင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံအိမ်တွင်းမှုစက်ချုပ်နှင့် သိုးမွေးထိုးသင်တန်းတို့တွင် တက်ရောက်နေသောသင်တန်းသူများ၏ သင်ကြားလေ့ကျင့်နေမှုများ သင်တန်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆောင်ရွက်ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသား ကျောင်းသူများ၏ ပညာရေးနှင့်ဝန်ထမ်းများ၏ သက်သာချောင်ချိရေးတို့ကို တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းပေးပြီး ကျောင်းသား ကျောင်းသူများကို အတန်းပညာအပြင် စည်းကမ်း၏တန်ဖိုး၊အချိန်ကိုတန်ဖိုးထားစနစ်တကျ ခွဲဝေအသုံးချရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာသန့်စွမ်းရေးတို့ကို လေ့ကျင့်ပေးသည့်အပြင် စာဖတ်ခြင်း အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ရန် မှာကြားပြီး ကျောင်းသား ကျောင်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသနေ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသလူငယ်များ ပိုမိုလက်ခံသင်ကြားပေးနိုင်ရေးအတွက် ဆောက်လုပ်လျက်ရှိသော ကျောင်းသား သုံးထပ်အိပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပူတာအိုမြို့မှ ဖုန်ကန်ရာဇီရေခဲတောင်သို့ သွားရောက်နိုင်မည့် အထက်ရှန်ခေါင် - ဝါဆာဒမ်း-နမ်ရိုထု-ဇီယာဒမ်းမြေသားလမ်း(၂၂)မိုင်အနက် ဆောင်ရွက်ပြီးစီးနေသော မြေသားလမ်း (၁/၇)မိုင်ကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ (ပထမခြောက်လ)ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်နေသော ပူတာအို-နမ်ထွမ်ခူး ကျောက်လမ်း (၇/၄)မိုင် တည်ဆောက်ပြီးစီးမှု၊ ပူတာအိုမြို့နယ် လန်းတောင်ကျေးရွာအုပ်စုနှင့် မကပ်မုန်ကျေးရွာအုပ်စု ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ လန်းတောင်ကျေးရွာအုပ်စုမှ မာမိန်ကျေးရွာနှင့် မာမိန်ရှိုးဒီကျေးရွာချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များနှင့် ဇီးအွန်-လန်းတောင် ကျောက်လမ်းဆောင်ရွက်ပြီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း ရေရှည်တည်တံ့မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြတံတားသစ် သံပေါင်တင် နောက်ဆုံးအစိတ်အပိုင်းတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပေါ်တွင် ရွှေးမြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသည့် မြောင်းမြတံတားသစ် သံပေါင်တင် နောက်ဆုံးအစိတ်အပိုင်းတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇နာရီ ၁၀ မိနစ်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းခွင် မြောင်းမြဘက်ကမ်း၌ ကျင်းပသည်။

အခမ်းအနားမစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က Servey Data များ စမ်းသပ်ချက်မှ တွေ့ရှိချက် နောက်ဆုံးရလဒ်ကို ကြည့်ပြီး တံတား၏ ခိုင်ခံ့မှုကို အတည်ပြုပေးသည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူနှင့် မြောင်းမြမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးတို့က သတ်မှတ်နေရာများတွင် အသီးသီးနေရာယူကြပြီး မင်္ဂလာအချိန်တွင် သံပေါင်တင် နောက်ဆုံးအစိတ်အပိုင်းကို ပထမအဆင့် တပ်ဆင်ပေးပြီး ပရိတ်ရေဖြင့် ပက်ဖျန်းပေးကြသည်။



**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တာဝန်ရှိသူများက သံပေါင်တင် နောက်ဆုံးအစိတ်အပိုင်းကို ပထမအဆင့် တပ်ဆင်ပေးကြစဉ်။**

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ၊ မြောင်းမြမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင်၊ မြောင်းမြမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်ဝင်းနှင့် တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးဝင်းတို့က သတ်မှတ်နေရာများတွင် အသီးသီးနေရာယူပြီး မင်္ဂလာအချိန်တွင် သံပေါင်တင် နောက်ဆုံးအစိတ်အပိုင်းအား ဒုတိယအဆင့်အနေဖြင့် Torque Shear Wrench ကိရိယာအသုံးပြု၍ အပြီးသတ် တပ်ဆင်ပေးပြီး ပရိတ်ရေဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး သံပေါင်တင် နောက်ဆုံး အစိတ်အပိုင်း တပ်ဆင်ခြင်း မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယခုတည်ဆောက်နေသည့် မြောင်းမြတံတားသစ်ကြီးအား ဂျပန်နိုင်ငံ JFE ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ဆက်စပ်ထူထောင်ထားသော J&M Steel Solution မှ အသေးစိတ်ဒီဇိုင်းရေးဆွဲ၍ သံပေါင်များ ထုတ်လုပ်ပေးလျက်ရှိပြီး ပင်မတံတားအပိုင်းကို ခေတ်မီနည်းပညာသစ် Steel Truss Deck Type အမျိုးအစားဖြင့် တည်ဆောက်ထားသည်။

တံတားသစ်ကြီးကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)က တာဝန်ယူပြီး ၂၀၁၇ခုနှစ် မေလ ၁ ရက်မှ လုပ်ငန်းများစတင်ကာ ၂၀၁၉ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်နိုင်ရေး စီမံချက်ချဆောင်ရွက်လျက်ရှိရာ မကြာမီ ဧရာဝတီတိုင်းဒေသကြီး အတွင်း ခေတ်မီခံ့ညားခိုင်ခန့်လှပသော တံတားတစ်စင်းပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

**✱ ရှေ့ဖုံးမှ**

ကျပ်သန်း၃၂၀၀ ခွင့်ပြုပေးခဲ့ပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာလူနာများ ပြားစွာ အားကိုးအားထားပြု၍ လာရောက်ကုသမှုခံယူနေခြင်းသည် ဆေးရုံရှိဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကောင်းမွန်မှု၊ ဆက်ဆံရေးနွေးထွေးမှုနှင့် စေတနာထား ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည့်အတွက် ဝန်ထမ်းများကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ ယခင်ကင်ဆာရောဂါကုသဆောင် အဟောင်းသည် ခုတင် ၈၀ ဆံ့သာ ရှိခဲ့သော်လည်း ဆေးရုံတွင် နေ့စဉ်ကုသပေးနေရသည့် ကင်ဆာလူနာမှာ ၁၈၀ မှ ၂၀၀ ခန့်အထိ ရှိခဲ့ပါကြောင်း။

ယခု ကင်ဆာကုသဆောင်သစ်ကြီးတွင် ခုတင် ၃၂၀ ဆံ့ပြီး ကင်ဆာရောဂါကုသမှု ဆေးနှင့် ဆေးပစ္စည်းကိရိယာများလည်း လုံလောက်စွာပံ့ပိုးထားပါကြောင်း၊ ထို့အပြင် ကင်ဆာရောဂါဝေဒနာရှင်များတွင် နာကျင်မှုဝေဒနာခံစားရမှုကို သက်သာလျော့ပါးစေသည့် ဆေးဝါးများကို လုံလောက်စွာ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ကင်ဆာလူနာများအတွက် ဆေးဝါး၊ အစာအာဟာရနှင့် အကြောကျွမ်းကျင်ပညာရှင်များကိုလည်း ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ယခု ကင်ဆာကုသဆောင်သစ်ကြီးကို ဆေးရုံတစ်ရုံသကဲ့သို့ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ပံ့ပိုးမှုများအပြင် ကင်ဆာဝေဒနာရှင်များ၏ လူမှုရေးပြဿနာများနှင့် အခက်အခဲများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များ ဆေးရုံတက်ရောက်စဉ် သက်သောင့်သက်သာစွာနားနေနိုင်စေရန် ရုပ်မြင်သံကြားစက်နှင့် ဖတ်ရှုစရာစာအုပ်များပါဝင်သည့် နားနေခန်းကိုလည်း ထားရှိပေးမည်ဖြစ်ပါကြောင်း၊ ဆေးရုံတက်ကင်ဆာလူနာများသည် ကိုယ်ခံအားနည်းနေနိုင်သည့်အတွက် လူနာတစ်ဦးမှတစ်ဦး ဆေးရုံတွင် ကူးစက်သောရောဂါ (nosocomial infection)များ ကူးစက်မှု မရှိစေရေးကိုလည်း လူနာများနှင့် မိသားစုများကို ပညာပေးခြင်းအပါအဝင် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အထူးဦးစားပေး သတ်မှတ်ဆောင်ရွက်

တစ်နိုင်ငံလုံးတွင် ကင်ဆာမှတ်ပုံတင်စနစ် (Cancer Registry)ကို စတင်ပြုလုပ်နေပြီဖြစ်သဖြင့် ကင်ဆာရောဂါဖြစ်ပွားမှု အခြေအနေများကို ပိုမိုတိကျစွာ သိရှိနိုင်ကာ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ရာ၌ ပိုမိုမှန်ကန်တိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်းကို အထူးဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ရောဂါကနဦးလက္ခဏာများကို ကြိုတင်စစ်ဆေးခြင်း (screening) ပြုလုပ်၍ စောစီးစွာကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၀ခုနှစ်မှစတင်၍ Gaviအဖွဲ့နှင့်ပူးပေါင်းကာ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (Human Papilloma Virus - HPV vaccine)ကို တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ ရင်သားကင်ဆာနှင့်ပတ်သက်၍ အမျိုးသမီးများ မိမိကိုယ်ကို Breast Self-Exam (BSE) စမ်းသပ်ပုံနည်းများကို ဝန်ကြီးဌာနမှ ဖြန့်ဝေလျက်ရှိသော Mobile Tablet များတွင် ထည့်သွင်း၍ အခြေခံကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် ပြည်သူများကို ပိုမိုအသိပေးသင်ကြားပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ယခင်က ရရှိရန် အလွန်ခက်ခဲသည့် အရည်အသွေးမြင့်မားပြီး ဈေးနှုန်းမြင့်မားသော ကင်ဆာကုသမှုဆေးများကိုလည်း ယခုအခါ ဝန်ကြီးဌာနမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးကာ ပံ့ပိုးမှုများကို မကြာမီရရှိမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ သုတေသနပိုင်းဆိုင်ရာ ပံ့ပိုးပေးသောဘဏ္ဍာငွေဖြင့် ဆေးလက်တွေ့ပိုင်းဆိုင်ရာ အသုံးချသုတေသနလုပ်ငန်းများ ယခုထက်ပိုမိုဆောင်ရွက်သွားရန် တိုက်တွန်းလိုပြီး ဝန်ကြီးဌာနမှလည်း လိုအပ်သည်များ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုကဲ့သို့ ကင်ဆာကုသဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်မြို့သည် City Cancer Project တွင် ပါဝင်သည့် မြို့ဖြစ်သည့်အတွက် ယခုကဲ့သို့ ကင်ဆာကုသဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ခြင်းသည် ကင်ဆာရောဂါကုသမှုဆိုင်ရာ လိုအပ်ချက်ကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကင်ဆာကုသဆောင်သစ်ကြီး၏ လုပ်ငန်းများ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့အနေဖြင့် ဆက်လက် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် ကင်ဆာဓာတ်ရောင်ခြည်ဌာနမှ ပါမောက္ခ ဒေါက်တာခင်ချိုဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ကင်ဆာကုသဆောင်သစ်ကြီးကို ဆောက်လုပ်ခဲ့သည် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းထံသို့ ကင်ဆာကုသဆောင်သစ်ကြီးနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကင်ဆာလူနာဆောင်သစ်ကြီးကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပါရဂူခန်းမရှေ့တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ သုံးထပ်ကွမ်း လူရည်ချွန် ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည့် မောင်ကောင်းမင်းခန့်နှင့် မနှင်းနုနုဝေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ လူရည်ချွန် ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည့် မောင်ကောင်းမင်းခန့်နှင့် မနှင်းနုနုဝေတို့က ကလေးစာပေပွဲတော် (စစ်ကိုင်း)ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ပါရဂူခန်းမတွင် ဆက်လက်ကျင်းပရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song ကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်ကိုင်းမြို့ ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို အဓိကပင်တိုင်ပြု၍ အမြို့မြို့ အနယ်နယ်တွင် ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိပါကြောင်း၊ ယခုလို ကျင်းပရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့်ဟူ၍ ကျင်းပပြီး ယနေ့ စစ်ကိုင်းခရိုင်၌ ကျင်းပရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျင်းပသည့် ကလေးစာပေပွဲတော်များနည်းတူ စည်ကားစေရန် ကြိုးစားဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း။

ပြီးခဲ့သည့် နှစ်နှစ်ကျော်ကတည်းက ကလေးစာပေပွဲတော်များကို ကျင်းပပြီး အဆိုပါပွဲတော်များကျင်းပရန် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် မဖြစ်နိုင်ပါကြောင်း၊ အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးတွဲပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာအုပ်စာပေများရှိပြီး ကျောင်းသားကျောင်းသူများရှိသော ပညာရေးဝန်ကြီးဌာနနှင့် ပူးတွဲ၍ ကျင်းပရန် ပညာရေးဝန်ကြီးဌာနမှ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်သည့်အတွက် ယခုလို ကလေးစာပေပွဲတော်များ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပူးပေါင်းပါဝင်၍လည်း အောင်မြင်စွာ ကျင်းပ နိုင်ခြင်း ဖြစ်ပါကြောင်း။

**စာပေဝန်းကျင်နှင့် တွဲဖက်**

ကလေးများ စာပေဖတ်ရှုလိုစိတ် ဖြစ်ပေါ်စေရန်မှာ တစ်တိုင်းပြည်လုံး၏ အရေးကိစ္စဖြစ်သလို မိဘ၊ ဆရာ ဆရာမများနှင့် အများပြည်သူအားလုံး၏ အရေးကိစ္စဖြစ်သည့်အတွက် သက်ဆိုင်သူအားလုံး အားတက်သရော ပူးပေါင်းပါဝင်မှသာ စည်စည်ကားကားဖြင့် အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်အနေဖြင့် လတ်တလော အကျိုးပြီးဆောင်ရွက်၍ ယခုကဲ့သို့ အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်တွင် လူငယ်များ စာပေဖတ်ရှုလိုစိတ် ပျိုးထောင်ပေးရန် ကလေးစာပေပွဲများကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ကျေးဇူးရရှိစေရန် ဖြစ်ပါကြောင်း၊ လတ်တလော အကျိုးကျေးဇူးဆိုသည်မှာ အဆိုပါ ပွဲတော်တွင် ကလေးများ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ လှုပ်ရှားသက်ဝင်စေရမည်ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနည်းဆုံးကလေးများ ဤပွဲတော်ကို လာရောက်ပြီး ပျော်ရွှင်စရာ အမှတ်တရများကို အသက်ကြီးလာသည်အထိ သတိတရ ရှိနေစေရန်၊ လှုပ်လှုပ်ရှားရှား သွက်သွက်လက်လက်ဖြင့် ပျော်ရွှင်စေရန် ဖန်တီးပေးခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ပျော်ရွှင်မှုနှင့်အတူ စာအုပ်၊ စာပေဆိုသည့် ပတ်ဝန်းကျင်နှင့် တွဲဖက်ပြီး ထိတွေ့မှုရရှိသွားရန် အဓိကရည်ရွယ်ပါကြောင်း။

ဒုတိယအချက်မှာ ကလေးများ စာအုပ်၊ စာပေနှင့်ဆက်စပ်ပြီး ပျော်ရွှင်မှုရစေရန် ဖြစ်ပါကြောင်း၊ ယခုပွဲတော် ကျင်းပခြင်းဖြင့် ကလေးများ စုပေါင်းလုပ်ဆောင်လိုစိတ်များတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လိုစိတ်များလည်း ဖြစ်ပေါ်လာရန် ရည်ရွယ်ပါကြောင်း။

**စာဖတ်ဝါသနာများ ရာသက်ပန်ရရှိ**

ထို့ကြောင့် ပွဲတော်တွင် ပြိုင်ပွဲ အများအပြား ထည့်သွင်း၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အခြားကလေးများ၏ ယှဉ်ပြိုင်မှုများကိုလည်း လေ့လာ၍ ဗဟုသုတများ ရရှိသွားစေနိုင်ပါကြောင်း၊ ပျော်ရွှင်ရင်း စာပေနှင့် ရင်းနှီးမွေ့လျော်ကာ စာဖတ်ဝါသနာများ ရာသက်ပန် ရရှိသွားခြင်းဖြင့် နိုင်ငံအတွက် အသိပညာ ဗဟုသုတ

စာမျက်နှာ ၅ သို့




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ကလေးငယ်များ အရုပ်ဆက်အိမ်ဆောက်ကစားနေမှုများကို ကြည့်ရှုအားပေးစဉ်။

○ စာမျက်နှာ ၄ မှ

ပြည့်ဝသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်အထိ ရေရှည်အတွက် ရည်မှန်းချက်များထား၍ ကလေးစာပေပွဲများကို ကျင်းပခြင်းဖြစ်ပါကြောင်း။

**ပြုစုပျိုးထောင်ပေး**

ယနေ့ မိမိတို့နိုင်ငံတွင် စာမသင်ရသေးသည့် ကလေးအရွယ်များအထိ စာပေကို စိတ်ဝင်စားစေရန် ပြုစုပျိုးထောင်ပေးနေပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်လည်း စာဖတ်နှုန်း မြင့်တက်စေရန် ဆရာ ဆရာမများ၊ သက်ဆိုင်ရာ စာကြည့်တိုက်ဝန်ထမ်းများ၊ မြို့နယ်၊ ကျေးရွာရှိ ဆရာ ဆရာမများ၊ စာပေဝါသနာရှင်များနှင့် နွေရာသီစာဖတ်ဝိုင်းများ ပြုလုပ်ပေးရန် စီစဉ်ထားပြီးဖြစ်သည်ကို အသိပေးလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ အနာဂတ်ထူထောင်ရန်နှင့် လူငယ်များ၏ အနာဂတ်ကောင်းမွန်ရန် ကလေးစာပေပွဲတော်များကို ယခုကဲ့သို့ အားပေးကူညီ ပါဝင်ဆောင်ရွက်ပေးရန်နှင့် ကလေးစာပေပွဲတော်မှ ရရှိသည့် စိတ်ကူးအကြံဉာဏ်ကောင်းများဖြင့် ကလေးများ စာဖတ်ရင်း အသိပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော် (စစ်ကိုင်းမြို့) ဖြစ်မြောက်အောင် ပါဝင်ကူညီသည့် ကျောက်မျက်လုပ်ငန်းရှင်အသင်း (စစ်ကိုင်း)ဥက္ကဋ္ဌ ဦးအောင်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ KID'S SMILE ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက အတုမရှိ ရွှေစစ်ကိုင်း တေးသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (ရန်နိုင်)မှ ကျောင်းသား ကျောင်းသူလေးများက ဆီမီးခွက်အကဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် အခြေခံပညာမူလတန်းကျောင်း(ဒေါင်းမ)မှ ကျောင်းသား ကျောင်းသူလေးများက သိုင်းအကဖြင့်လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ရှမ်းအကဖြင့်လည်းကောင်း၊ အမှတ်(၁) ရွှေသမား ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကလေးတို့ရဲ့ စာပေပွဲ ဒိုးပတ်သံ(ဒွေးချိုးကဗျာ)ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဖွင့်လှစ်ပြသထားသည့် ပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသထားမှု၊ ပြိုင်ပွဲများ၊ ဆင်အကနှင့် အခြားဖျော်ဖြေပွဲများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းမြို့တွင် ကျင်းပသည့် အဆိုပါပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်အတွင်း ပညာရေးဝန်ကြီးဌာနမှ နည်းပညာတက္ကသိုလ်ပြခန်း၊ အခြေခံပညာကျောင်းများပြခန်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြခန်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး တက္ကသိုလ်(စစ်ကိုင်း)ပြခန်းတို့မှ လာရောက်ပြသသည့် အသိပညာပေးပြခန်းများနှင့် စစ်ကိုင်းမြို့ဝန်းကျင်ရှိ ငွေထည်လုပ်ငန်း၊ ကျောက်စိမ်းပုတီးလုပ်ငန်းနှင့် ဂစ်တာလုပ်ငန်းအစရှိသည့် လက်မှုထုတ်ကုန်ပြခန်းများ၊ ဒေသထွက်ကုန်ပြခန်းများ အပါအဝင် စုစုပေါင်းပြခန်း ၂၁ ခန်း၊ စာပေဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူ ခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများနှင့်အတူ အားကစားလှုပ်ရှားမှုများအနေဖြင့် ဖူဆယ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ တာရာဂိုးသွင်းပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေး လှူဒါန်းသည့် အစီအစဉ်များအပြင် သုတရသ စာအုပ်မျိုးစုံ လာရောက်ရောင်းချကြသည့် စာအုပ်အရောင်းဆိုင်ပေါင်း ၈၃ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်းနှင့် အဆိုပါပွဲတော်အား မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-အောင်ဖြိုးကျော်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် ကျင်းပရေးတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။



အခြေခံပညာမူလတန်းကျောင်း(ဒေါင်းမ)မှ ကျောင်းသားလေးများက သိုင်းအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။




ကျောင်းသား ကျောင်းသူများက ဆီမီးခွက်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



ပုံပြောပြိုင်ပွဲတွင် ကျောင်းသူတစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(စစ်ကိုင်းမြို့)ပထမနေ့တွင် လာရောက်ဆင်နွှဲသူများဖြင့် စည်ကားများပြား

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(စစ်ကိုင်းမြို့)ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ စစ်ကိုင်းမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ အခြေခံပညာကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းနည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများနှင့် အခြားစာပေကို စိတ်ဝင်စားသူများ လာရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။



### များစွာအကျိုးရှိ

စစ်ကိုင်းမြို့ လေ့ကျင့်ရေးအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ကျော့ကျော့ခိုင်က "ကလေးစာပေပွဲတော်တွေက ကလေးတွေနဲ့ ကျောင်းသားကျောင်းသူတွေအတွက် အမှန်တကယ်လိုအပ်ပါတယ်။ အခုခေတ်ကာလလို နည်းပညာမြင့်ပစ္စည်းတွေ ပေါများလာချိန်မှာ စာအုပ်စာပေတွေအပေါ်မှာ စိတ်ဝင်စားမှု လျော့နည်းလာတာကို ပြန်ပြီးစိတ်ဝင်စားမှုမြင့်တက်လာစေပါတယ်။ ပြသထားတဲ့ ပြခန်းတွေကလည်း ဗဟုသုတတွေအများကြီး ရရှိနိုင်ပါတယ်။ စာအုပ်မျိုးစုံကို တစ်နေရာထဲမှာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်လို့ ကလေးစာပေပွဲတော်လို့ အမည်ပေးထားပေမယ့် လူကြီးတွေအတွက်ရော ကျွန်မတို့လို ဆရာ ဆရာမတွေအတွက်လည်း များစွာအကျိုးရှိပါတယ်။ အခြား ရပ်ရွာဒေသတွေမှာလည်း ဒီလို ကလေးစာပေပွဲတော်တွေ ကျင်းပပေးစေချင်ပါတယ်" ဟု ပြောသည်။

ပြပွဲတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စစ်ကိုင်းမြို့ဝန်းကျင်ရှိ လက်မှုထုတ်ကုန်ပြခန်းများ၊ ဒေသထုတ်ကုန်ပြခန်းများ စသည်ဖြင့် သုတရသ စုံလင်စွာ ပြသထားရာ လာရောက်ကြသူများ ပျော်ရွှင်လျက်ရှိသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီမှ စီစဉ်ဆောင်ရွက်ပေးသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများတွင် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြရာ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဆုနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ စာပေဟောပြောပွဲနှင့် ပညာရေးဆိုင်ရာ စကားဝိုင်းများတွင်လည်း စိတ်ဝင်တစား လာရောက်လေ့လာကြကြောင်း တွေ့ရသည်။

ပွဲတော်သို့ လာရောက်ကြသူများအား စစ်ကိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)၊ မားမားခေါက်ဆွဲနှင့် အိုဗာတင်းတို့မှ အစားအစာ၊ အအေးပုလင်းနှင့် အချိုရည်များကို ဝေငှခဲ့ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊**
**ဓာတ်ပုံ-အောင်ဖြိုးကျော်၊ အောင်မင်းဟန်**

# ပျော်ရွှင်စွာသက်ဝင်လှုပ်ရှားရင်း စာဖတ်ခြင်းအလေ့အထများ ရရှိစေမည့် စစ်ကိုင်းမြို့က ကလေးစာပေပွဲတော်


ဒေါ်နီလာထွန်း


မောင်အောင်သီဟကျော်


ဒေါ်သက်သက်စိုး


ကိုညီသုတ


ဒေါ်သဲသဲဝါ

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ စတင်ကျင်းပရာ လာရောက်ဆင်နွှဲသူများ၏ အမှတ်တရ စကားသံများကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

**ဒေါ်နီလာထွန်း (မူလတန်းပြ၊ စကျင်ရွာ)**

ကလေးတွေအတွက် ဗဟုသုတ၊ အသိပညာတွေ အများကြီးရရှိစေတဲ့ ပွဲတော်တစ်ခုပါ။ အခု ရောက်ကတည်းက ကလေးတွေ ပြပွဲပြိုင်ပွဲတွေ ဝင်ကြည့်၊ ဝင်ပြိုင်နေကြတယ်။ အကြိုက်ဆုံးအားကစားကတော့ ခါးလှည့်ကွင်းကစားနည်းနဲ့ ပြိုင်ပွဲအနေနဲ့ ဆေးရောင်ခြယ် ပြိုင်ပွဲတွေကို စိတ်ဝင်တစားရှိကြတယ်။ ကျွန်မနဲ့အတူ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် လာရောက်ကြပါတယ်။ လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေတာတွေ့ရတာ အားရပျော်ရွှင်စရာ ကောင်းပါတယ်။ ကျွန်မတို့ စာသင်ရတဲ့ရွာက ဒီလိုပွဲတော်အကြောင်း သိပ်မသိကြဘူး။ ဒါကြောင့် မကြာခဏ ကျင်းပပေးဖို့ တောင်းဆိုလိုပါတယ်။

**မောင်အောင်သီဟကျော် (အဌမတန်း၊ အထက-၁၊ စစ်ကိုင်းမြို့)**

စစ်ကိုင်းမှာ ဒီပွဲတော်ကျင်းပမယ်ဆိုတာ ကြားကတည်းက စာပေဝါသနာပါတဲ့ ကျွန်တော့်အနေနဲ့ ပျော်နေတာပါ။ စာပေဆိုင်ရာပြခန်းတွေနဲ့ နည်းပညာပြခန်းတွေ အားလုံးကို လေ့လာပြီးပါပြီ။ နည်းပညာပြခန်းက ဓာတ်လှေကားတည်ဆောက်ပုံနဲ့ ကားတည်ဆောက်ပုံ၊ ကွန်ပျူတာနဲ့ ပုံဆွဲပြသတာကို စိတ်ဝင်စားပါတယ်။ ကျွန်တော်တို့အတွက် လိုအပ်တာတွေ သိချင်တာတွေအားလုံးကို ဒီလိုပြပွဲတွေ လုပ်ပေးခြင်းဖြင့် ရရှိနိုင်မှာပါ။ စာအုပ်ဆိုင်တွေမှာ ကျွန်တော်နှစ်သက်တဲ့ သုတရသစာအုပ်တွေကို ရွေးပြီး ဝယ်ဖြစ်ပါတယ်။ ဒီစာပေပွဲတော်က သူငယ်ချင်းတွေ ဆုံစည်းပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ စာပေဖတ်ရှုလိုစိတ်တွေ ဖြစ်ပေါ်စေနိုင်တဲ့အတွက် လာရောက် လေ့လာစေချင်ပါတယ်။

**ဒေါ်သက်သက်စိုး(ပြခန်းတာဝန်ခံ၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**

ကျွန်မတို့ပြခန်းမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ နေထိုင်မှုပုံစံတွေ၊ နေအိမ်တွေ၊ တက္ကသိုလ်မှာ တက်ရောက်နေတဲ့ တိုင်းရင်းသားလူမျိုးတွေကို သင်ကြားပြသတဲ့ စာပေ၊ ပန်းချီ၊ အိမ်တွင်း စက်မှုလက်မှု ရိုးရာဓလေ့တွေကို ဒီပြပွဲမှာ ပြသပေးထားပါတယ်။ ဒီပွဲတော်မှာ ပါဝင်ပြသတဲ့ ရည်ရွယ်ချက်က နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားကလေးတွေကို လက်မှုပညာ၊ စက်မှုပညာနဲ့ အခြားအသိပညာတွေသင်ကြားပေးနေတယ်ဆိုတာ သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ။

ဒီတက္ကသိုလ်ရှိထားတဲ့အတွက် တိုင်းရင်းသားလူမျိုးတွေ တစ်နေရာတည်းမှာ စုစည်းပြီး အသိပညာရပ်တွေကို သင်ယူနိုင်တယ်ဆိုတဲ့ အကြောင်းကို သိစေချင်လို့ပါ။ အခု ကျွန်မတို့ပြခန်းကို မူလတန်းနှင့် အလယ်တန်းအဆင့်တွေ ပိုပြီး စိတ်ဝင်စားကြတာကို တွေ့ရတယ်။ တိုင်းရင်းသားလူမျိုးအလိုက် ဒီမှာလာပြီးပြသတဲ့အတွက် လာရောက်တဲ့ ကလေးတွေက သူတို့နဲ့တွဲပြီး စိတ်ဝင်တစား ဓာတ်ပုံရိုက်ကြတယ်။ ဒီလိုပွဲတော် လုပ်ပေးခြင်းအားဖြင့် အမြင်ကျယ်ပြီး အသိပညာတိုးပွားလာစေတဲ့ အကျိုးတွေ ရရှိစေနိုင်ပါတယ်။ ဒါကြောင့် ဒီလိုပွဲတော် စဉ်ဆက်မပြတ် ပွဲတော်တွေလုပ်ပေးသင့်ပါတယ်။

**ကိုညီသုတ(သုခဘုံစာပေ-ရန်ကုန်)**

ကျွန်တော်က စာဖတ်ရှိန်မြင့်တင်ရေးအသင်းက အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် မြို့တိုင်းမှာလိုက်ပြီး စာဖတ်ရှိန်မြင့်မားဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကလေးစာပေပွဲတော်မှာ ကလေးသင်ထောက်ကူပစ္စည်းတွေ ပိုပြီးရောင်းချရပါတယ်။ လူကြီးလူငယ် အရွယ်စုံဖတ်လို့ရအောင် သုတရသ စာအုပ်အစုံအလင် ရောင်းချပေးနေပါတယ်။ ကလေးစာပေပွဲတော်ကျင်းပတဲ့ မြို့တိုင်းကို ကျွန်တော်က လိုက်လံရောင်းချပါတယ်။ ဒီလိုပွဲတော်လုပ်ပေးခြင်းအားဖြင့် ကလေးတိုင်းလည်း စာဖတ်ပြီး မြို့တိုင်းမှာလည်း စာဖတ်အား ကောင်းလာတဲ့အတွက် ကျွန်တော်တို့ စာအုပ်ဆိုင်တွေလည်း ရောင်းအား ကောင်းလာပါတယ်။

**ဒေါ်သဲသဲဝါ(ကျောင်းသားမိခင်၊ တောင်ဘော်ဂါရပ်၊ စစ်ကိုင်းမြို့)**

ကျွန်မတို့ စစ်ကိုင်းမြို့မှာကျင်းပတဲ့ ကလေးစာပေပွဲတော်ကို ကျွန်မကလေးတွေ ပါဝင်ဆင်နွှဲနိုင်ဖို့ လာရောက်တာပါ။ ပြသထားတဲ့ ပြခန်းတွေနဲ့ အားကစားပွဲတွေမှာ ကလေးတွေ စိတ်ဝင်တစားနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဆော့ကစားနေကြတာ တွေ့ရတဲ့အတွက် မိခင်တစ်ယောက်အနေနဲ့တော့ ဝမ်းသာကြည်နူးမိပါတယ်။ ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတွေ အများကြီး ပါဝင်ဆင်နွှဲရတဲ့အတွက် ကိုယ့်အတန်း၊ ကိုယ့်ကျောင်းဆိုတာထက် ပိုပြီးတော့ အမြင်ကျယ်လာပါတယ်။ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခြင်းအားဖြင့်လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပိုရှိလာမယ်လို့ ထင်ပါတယ်။ ပွဲတော်ကို မရောက်သေးတဲ့ မိဘတွေအနေနဲ့ ကိုယ်ရဲ့ကလေးကို သူများတွေလို ပျော်ရွှင်နိုင်ဖို့ ဒီပွဲတော်ကြီး လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်တိုက်တွန်းချင်ပါတယ်။**မင်းထက်အောင်(မန်းကိုယ်ပွား)**



**အေးမြ(မန္တလေး)**
**ဓာတ်ပုံ-အောင်ဖြိုးကျော်**

# စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် လှုပ်ရှားမှုပုံရိပ်များ



ကလေးငယ်တစ်ဦး ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးဆွဲစဉ်။



ကျောင်းသား ကျောင်းသူ ကလေးငယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းတွင် ကြည့်ရှုလေ့လာကြစဉ်။



ကျောင်းသား ကျောင်းသူ ကလေးငယ်များ ပုံပြင်စာအုပ်များ ရွေးချယ်ဝယ်ယူနေကြစဉ်။



ကျောင်းသား ကျောင်းသူများ နည်းပညာပြခန်းတွင် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြစဉ်။



ထုပ်ဆီးတိုးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနေကြစဉ်။



ကလေးငယ်တစ်ဦး စာအုပ်ပြခန်းတွင် ကလေးစာပေ စာအုပ်များအား စိတ်ဝင်တစား လေ့လာနေစဉ်။

ဓာတ်ပုံ - အောင်ဖြိုးကျော်၊ အောင်မင်းဟန်

# ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာလျက်ရှိသည့် စက်စက်ယိုကျေးရွာမှ မြန်မာ့ရိုးရာဓလေ့နှင့် ဆံရစ်ဝိုင်းယဉ်ကျေးမှု



မြန်မာ့ယဉ်ကျေးမှု ဆင်ယင်ထုံးဖွဲ့မှု ဓလေ့တွေနဲ့ ပျော်မွေ့နေကြတဲ့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းမှာရှိတဲ့ စက်စက်ယိုကျေးရွာလေးကို ကျွန်တော်တို့ သတင်းအဖွဲ့က သတင်းရယူမေးမြန်းဖို့ ဇန်နဝါရီ ၅ ရက်မှာ မန္တလေးမြို့ကနေ ကားနဲ့ ထွက်ခွာလာခဲ့ပါတယ်။ ဒီကျေးရွာလေးကိုသွားဖို့ ညောင်ဦးမြို့နယ်ထဲကို စတင်ဝင်ရောက်လာတာနဲ့ ထန်းပင်၊ ထန်းတောနဲ့ လွမ်းမောစရာကောင်းလှတဲ့ အညာဒေသရဲ့ အငွေ့အသက်ကို စတင်ခံစားမိလိုက်တယ်။

ဩော် မြန်မာတွေနေတဲ့ အညာမြေဒေသမှာ ခေတ်တွေ ဘယ်လိုပဲတိုးတက်ပြောင်းလဲပါစေ၊ ရိုးရာဓလေ့စရိုက်နဲ့ သျှောင်ပေစူး၊ ဆံရစ်ဝိုင်း ယဉ်ကျေးမှုကိုထိန်းသိမ်းနေတဲ့ ဒီလိုရွာကလေးလည်းကျန်ရှိနေဆဲပါလားလို့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဂုဏ်ယူဝံ့ကြွားစွာ တွေးလိုက်မိနေသေးတယ်။

**ကြည်နူးစွာတွေ့ရှိ**

ညောင်ဦးကားလမ်းဘေး အရောက်မှာ လမ်းညွှန်စိုက်ထူထားတဲ့ ဂျမ်းလှီးရွာဘုန်းတော်ကြီးကျောင်းသို့ဆိုတဲ့ ရွာအဝင် မြေသားလမ်းလေးအတိုင်း ဝင်ရောက်လာပြီး ရွာသုံးရွာအလွန်မှာထန်းသားနဲ့ စိုက်ထူထားတဲ့ စက်စက်ယိုကျေးရွာမှ လှိုက်လှဲစွာ ကြိုဆိုပါသည်ဆိုတဲ့ အပြာရောင်ဆိုင်းဘုတ်ကလေးနဲ့ လမ်းညွှန်ထားတဲ့ ရွာအဝင်လမ်းကလေးအတိုင်း ဆံရစ်ဝိုင်းများကို စုစည်းထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းထဲကို ဝင်ရောက်တဲ့အခါမှာ ဘုန်းကြီးကျောင်းသား သဘာဝအလျောက် ပျော်မွေ့စွာနေ့လယ်စာ စားသောက်နေတဲ့ သျှောင်ပေစူးကလေးများကို ကြည်နူးစွာစတင်တွေ့ရှိခဲ့ရတယ်။

ရွာဦးကျောင်းဆရာတော် ဦးနန္ဒမာလာကို မန္တလေးဒေသထွက် မုန့်မျိုးစုံကပ်လှူပြီး ရှေးခေတ်ဆင်ယင်ထုံးဖွဲ့မှု ဓလေ့ကိုမပျောက်ပျက်အောင် ထိန်းသိမ်းထားရှိမှုနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ပါတယ်။

“ဦးပဥ္စင်းအရင် ဆရာတော်ကြီးနှစ်ပါးလက်ထက်တုန်းကတည်းက ဒီရွာမှာ သျှောင်ဆံထုံးလေးတွေ၊ ဆံတောက်ကလေးတွေနဲ့နေဖို့ ဆရာတော်ကြီးတွေကဆုံးမပြီး ထိန်းသိမ်းလာခဲ့တာပါ။ အဲဒီအချိန်တုန်းကလည်း ဦးပဥ္စင်းက ဘုန်းကြီးကျောင်းသားဘဝ သျှောင်ဆံထုံးနဲ့နေခဲ့ရတာပါ။ ဒါကြောင့် ဦးပဥ္စင်းလက်ထက်မှာလည်း ဒီရိုးရာဓလေ့ကို မပျောက်ပျက်အောင် ထိန်းသိမ်းသွားမယ်လို့ ဆုံးဖြတ်ပြီး စောင့်ရှောက်ခဲ့တာပါ။ ဒီခေတ်ကျမှ ပြည်တွင်း ပြည်ပဧည့်သည်တွေ လာရောက်ကြည့်ရှုလေ့လာတဲ့အတွက် ရွာအတွက်လည်း ဂုဏ်ယူရပါတယ်။ လာကြတဲ့သူတွေက ကလေးတွေကို မုန့်မျိုးစုံနဲ့ ကျောင်းသုံးပစ္စည်းတွေ ပေးကမ်းလှူဒါန်းကြတာကိုကျေးဇူးတင်ပေမယ့် အချို့လူတွေရဲ့ ငွေကြေးလှူဒါန်းပေးကမ်းမှုတွေနဲ့ ပြိုင်ပွဲဝင်ဓာတ်ပုံသမားတွေကြောင့် ကလေးတွေရဲ့ စိတ်ဓာတ်တွေ ပျက်စီးသွားပြီး ဒီဓလေ့တွေ ပျောက်ကွယ်သွားမှာကို စိုးရိမ်မိပါတယ်” ဟု ဆရာတော်က မိန့်ကြားခဲ့ပါတယ်။

“ဒါ့အပြင် ဆရာတော်ကြီးကအတန်းကျောင်းတွေ ဖွင့်လှစ်တဲ့အခါမှာ ကျောင်းကိုလွှတ်ထားရပေမယ့် နွေရာသီကျောင်းပိတ်ရက်တွေမှာ ဗုဒ္ဓဘာသာစာပေတွေ သင်ကြားရင်းအားလုံးစုစည်းမိတဲ့အချိန်မှာ သျှောင်ထုံးမထားရင် စာမသင်ရဘူး၊ ကျောင်းမလာရဘူးလို့ စည်းကမ်းသတ်မှတ်ထားတဲ့အတွက် အားလုံးသျှောင်ဆံထုံးတွေ ဖြစ်နေကြတာပါ။ သူတို့အတွက် ပညာရေး၊ စားသောက်ရေးတွေအားလုံးကို ဦးပဥ္စင်းကထောက်ပံ့ပေးနေပါတယ်။ ဒီကျောင်းမှာ သုံးနှစ်အရွယ်ကနေ ၁၄ နှစ် အရွယ်အထိ ၅၃ ဦးရှိပါတယ်” ဟု ဆက်လက်မိန့်ကြားခဲ့ပါတယ်။

**ခံစားချက်ကိုပြောပြ**

ကျွန်တော်တို့ သတင်းအဖွဲ့ဟာ ကလေးတွေရဲ့ သဘာဝပုံစံလေးတွေကို ဓာတ်ပုံမှတ်တမ်းရိုက်ယူပြီး ရိုးရာဓလေ့ဆင်ယင်ထုံးဖွဲ့မှုအပေါ် သူတို့ရဲ့ ခံစားချက်ကလေးတွေကိုလည်း မေးမြန်းစပ်စုခဲ့ကြတယ်။

“ဒီရွာမှာသားတို့အရွယ်တွေက သျှောင်ထုံးပြီး နေကြတဲ့အတွက် သားလည်းဒီဆံပင်ပုံစံအတိုင်း နေဖြစ်ခဲ့တာပါ။ ဒီရွာရဲ့ ဆံပင်ပုံစံကိုလာပြီးလေ့လာကြည့်ရှုသူတွေ ရှိလာတဲ့အတွက် ဂုဏ်ယူမိသလို သားတို့ကို မုန့်တွေလည်း ပေးတဲ့အတွက် ပျော်ပါတယ်။ သားက ကိုရင်ဝတ်ပြီးရင်လည်း သျှောင်ဆံထုံးကို ဆက်ထားသွားမှာပါ”ဟု စတုတ္ထတန်းကျောင်းသား မောင်လှိုင်လင်းခန့်က သူ၏ခံစားချက်ကို ပြောပြသည်။

အသက် ၁၄ နှစ်အရွယ် ၈ တန်းကျောင်းသူ ဆံတောက်ပုံစံလေးဖြင့် မြန်မာဆန်ဆန်လှပနေတဲ့ သမီးလေး ဂျူဇင်မိုးကလည်း “သမီးတို့ရွာရဲ့ ရိုးရာဓလေ့အတိုင်းထားကြတဲ့ ဒီဆံပင်ပုံစံလေးကို နှစ်သက်ပါတယ်။ တီဗွီ၊ ရုပ်ရှင်တွေနဲ့ မြို့အတော်များများမှာသမီးတို့အရွယ်တွေ ခေတ်နဲ့အညီဆံပင်ပုံစံတွေ ထားကြတာကို မြင်ဖူးပေမယ့် အားမကျပါဘူး။ ဒီဆံတောက်ပုံစံလေးနဲ့ပဲ သမီးတို့ရဲ့ ရွာဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းသွားပြီး ဒီဆံတောက်ထုံးဖွဲ့မှုနဲ့ပဲ ဘွဲ့တက်ယူဖို့ ဆုံးဖြတ်ထားပါတယ်” ဟု ဂုဏ်ယူဝင့်ကြွားစွာပြောပြခဲ့ပါတယ်။

**ဆံပင်ပုံစံကိုလာကြည့်ကြ**

သားသမီးလေးယောက်မိခင် ဒေါ်နီက “ကျွန်မတို့ ငယ်ငယ်တုန်းကတည်းက ဒီဆံပင်ပုံစံနဲ့ပဲနေလာခဲ့တော့ ကိုယ့်သားသမီးတွေလည်း ဒီပုံစံနဲ့ပဲထားခဲ့တာပါ။ ၂ နှစ်၊ ၃ နှစ်အရွယ်ဆို ကြက်တောင်စည်းလေးစထားပြီး ၅ နှစ်၊ ၆ နှစ်လောက်မှာ ယောကျ်ားလေးတွေကို သျှောင်ဆံထုံးထားပေးပြီး မိန်းကလေးတွေကိုတော့ ဆံရစ်ဝိုင်းလေးပေ့ါ။ ဒါပေမယ့် ယောကျ်ားလေးတွေကတော့ ကိုရင်ဝတ်ပြီး သျှောင်ထုံးဖြတ်လိုက်ရင် ပြန်မထားကြတော့တာများတယ်။ မိန်းကလေးတွေကတော့ ၁၃ နှစ်အရွယ်၊ ၁၄ နှစ်လောက်အထိ ဆံတောက်လေးနဲ့ နေကြပေမယ့် ၁၅ နှစ်လောက်ဆို ဦးလုံးသိမ်းကြတော့တာပါပဲ။ ကျွန်မတို့ငယ်ငယ်ကဆို တော်တော်ကြီးတဲ့အရွယ်အထိ သျှောင်ထုံးထားကြတာ တွေ့ရပေမယ့် ဒီခေတ်မှာတော့ ရှားပါးကုန်ကြပြီ။ အခုလို ကျွန်မတို့ရွာရဲ့ ဒီဆံပင်ပုံစံကိုလာကြည့်ကြတဲ့အတွက် ဘုန်းကြီးကျောင်းရော ရွာအတွက်ပါ အကျိုးများပါတယ်”ဟု ဝမ်းသာအားရ ပြောပြရှာပါတယ်။





ကျွန်တော်တို့ သတင်းအဖွဲ့တွေ ရောက်ရှိစဉ်မှာပဲ ပြည်တွင်း ပြည်ပခရီးသွားတွေ တဖွဲဖွဲဝင်ရောက်လာပြီး ဆရာတော်ကိုဖူးမြော်ကာ ကလေးတွေကို စိတ်ဝင်တစားကြည့်ရှုပြီး ပါလာတဲ့မုန့်တွေ ဝေငှပေးကမ်းနေကြတယ်။

သူတို့လေးတွေရဲ့ ဆံပင်ပုံစံလေးတွေက ရိုးရိုးယဉ်ယဉ်လေးနဲ့ ကြည့်ရတာအလွန်ကို ကြည်နူးစရာပါ။ **စာမျက်နှာ ၉ သို့ »»**

»» စာမျက်နှာ ၈ မှ

မြန်မာပီသစွာ နေထိုင်ကြတဲ့အတွက်လည်း ချီးကျူးပါတယ်လို့ လာရောက်လေ့လာကြည့်ရှုကြတဲ့ မချောစုကျော်ရဲ့အပြောကို ကြားခဲ့ရတဲ့အပြင် ဂျာမနီနိုင်ငံမှ လာရောက်ကြည့်ရှုကြတဲ့ စုံတွဲကလည်း "မြန်မာနိုင်ငံမှာ တစုတဝေးတည်း တည်ရှိနေကြတဲ့ ဘုရားတွေကို မြင်တွေ့ရတာ ထူးဆန်းမိသလို အခုဒီရွာမှာ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံအရ ဆင်ယင်ထုံးဖွဲ့မှုကို ကြည့်ပြီး သူ့ရဲ့ခံစားမှုကို ထုတ်ဖော်မပြတတ်အောင် ကြည်နူးရပါတယ်" လို့ ပြောကြားခဲ့တာကိုလည်း ကြားမိခဲ့ရတယ်။



**စာကြည့်တိုက်လည်း ဖွင့်လှစ်ထား**

စက်စက်ယိုကျေးရွာလေးကို လှည့်ပတ်ကြည့်ရှုတဲ့အခါမှာ အညာဒေသရဲ့ ပုံရိပ်တွေအတိုင်း ထန်းပင်၊ မန်ကျည်းတောတွေနဲ့အတူ ရွာဦးစေတီလေးကိုလည်း သပ္ပာယ်စွာဖူးတွေ့လိုက်ရတယ်။ မြေသားခင်းထားတဲ့ ရွာလမ်းလေးဟာ သန့်ရှင်းသပ်ရပ်နေတာကို တွေ့ရတဲ့



အပြင် ရွာဦးကျောင်းရဲ့အရှေ့မှာ ကျေးရွာစာကြည့်တိုက်လည်း ဖွင့်လှစ်ထားတာကို တွေ့ရတယ်။ ဒါ့အပြင် လျှပ်စစ်မီးလည်းရရှိနေကြလို့ တစ်ရွာလုံး ဝမ်းသာနေကြလေရဲ့။ ကျွန်တော်တို့အဖွဲ့ဟာ လှူဒါန်းဖို့ အသင့်ပါလာတဲ့ စာအုပ်စာစောင်တွေနဲ့ နေ့စဉ်ထုတ်သတင်းစာမျိုးစုံကို ကျေးရွာစာကြည့်တိုက်အတွက် လှူဒါန်းဖြစ်ခဲ့တယ်။

"ကျွန်တော်တို့ ရွာကလေးဟာ အိမ်ခြေ ၁၁၇ လုံးနဲ့ လူဦးရေ ၈၅၆ ဦး စည်းစည်းလုံးလုံးနဲ့ အေးချမ်းစွာနေထိုင်ကြတဲ့ ရွာကလေးပါ။ မှုခင်းဖြစ်စဉ်လည်း အလွန်နည်းပါးတဲ့အပြင် ရွာဓလေ့အတိုင်း ရှာဖွေတူးဖော်ကြတဲ့ မှိုထွက်ချိန်မှာ မှိုတွင်းကိုအရင်ဆုံးတွေ့တဲ့သူက အမှတ်အသားပြုထားရင် နောက်လူတွေက ဒီမှိုတွင်းကို သွားရောက်တူးဖော်ခြင်း မလုပ်ကြတဲ့ ရှေးအစဉ်အလာကို ဒီနေ့အထိ ဆက်လက်ထိန်းသိမ်းနေဆဲပါ"လို့ အသက် ၆၇ နှစ်အရွယ် ရပ်မိရပ်ဖဦးထွန်းခင်က ရွာအတွက် ဂုဏ်ယူစွာ ပြောကြားခဲ့ပါတယ်။

**အကျိုးရှိစွာသုံးစွဲ**

ဒါ့အပြင် သျှောင်ပေစူးနဲ့ ဆံရစ်ဝိုင်းယဉ်ကျေးမှုကို လာရောက်ကြည့်ရှုကြတဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေအနေနဲ့ ကလေးတွေကို ချစ်မြတ်နိုးလို့ မုန့်ပဲသရေစာတွေ ပေးကမ်းလှူဒါန်းတာကို ကျေးဇူးတင်ဝမ်းသာရပေမယ့် တချို့တွေရဲ့ ငွေကြေးပေးကမ်းမှုတွေကြောင့် ကလေးတွေရဲ့ အသိစိတ်တွေ မှားယွင်းသွားမှာကိုတော့ စိုးရိမ်မိပြီး အကယ်၍ ငွေကြေးထောက်ပံ့လှူဒါန်းချင်တယ်ဆိုရင် ကလေးတွေရဲ့ ပညာရေးနဲ့ ရိုးရာဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် အမှန်တကယ် အကျိုးရှိစွာသုံးစွဲနိုင်ဖို့ ရွာဦးကျောင်းဆရာတော်နဲ့ ရွာမှာတည်ထောင်ဖွင့်လှစ်ထားတဲ့ ပညာရေးငွေပဒေသာပင်မှာ စနစ်တကျ လှူဒါန်းပေးကြဖို့ကိုလည်း မေတ္တာရပ်ခံစကား ပြောကြားခဲ့ပါတယ်။

စက်စက်ယိုကျေးရွာရဲ့ ရိုးရာဓလေ့ဆင်ယင်ထုံးဖွဲ့မှုကို ရွာဦးကျောင်းဆရာတော်အဆက်ဆက် ထိန်းသိမ်းလာခဲ့ပြီး နိုင်ငံတကာမှ လာရောက်လေ့လာမှုတွေအနေနဲ့လည်း ယခင်ကတည်းက ရှိခဲ့ပေမယ့် ပြည်တွင်းခရီးသွားတွေကတော့ ၂၀၁၆ ခုနှစ်မှာ ကျော်သူပရဟိတအဖွဲ့က ဒီရွာကလေးမှာ ရုပ်ရှင်လာရောက်ရိုက်ကူးမှုကတစ်ဆင့် သိရှိသွားကြပြီး လာရောက်မှု ပိုမိုများပြားလာတာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ခရီးသွားကုမ္ပဏီများက ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ရဲ့ ပြောပြချက်အရ သိရှိခဲ့ရပါတယ်။

"ကျွန်တော်တို့ဒေသဟာ အညာကျေးလက်ရွာလေးဖြစ်တဲ့အတိုင်း သျှောင်ဆံထုံးယဉ်ကျေးမှုနဲ့အတူ ရွာဓလေ့ ရိုးရာလက်မှုလုပ်ငန်းတွေဖြစ်တဲ့ တစ်ပိုင်တစ်နိုင်ပုန်းရည်ကြီးလုပ်ငန်းတွေနဲ့ ဆီဆုံလုပ်ငန်းတွေကိုလည်း သဘာဝကျကျလေ့လာလို့ရပါတယ်။ ဒီရွာလေးကို ပုဂံဘုရားဖူးခရီးစဉ်ကနေ အများဆုံးလာရောက်ကြတာဖြစ်တဲ့အတွက် ပုဂံ-ညောင်ဦးကားလမ်းကနေ ကိုးမိုင်ရှည်လျားတဲ့ ရွာအဝင်မြေသားလမ်းလေးကို အဆင့်မြှင့်တင်ပေးမယ်ဆိုရင် ဒီဒေသဟာ ပိုပြီးဖွံ့ဖြိုးသွားမယ့်အပြင် ဒီကနေတစ်ဆင့် ပုပ္ပားကိုလည်း အလွယ်တကူသွားလို့ရနိုင်မှာဖြစ်ပါတယ်"ဟု ဒေသရဲ့လိုအပ်ချက်များကို ပြောကြားခဲ့ပါတယ်။

"စက်စက်ယိုရွာကလေးကိုလာဖို့အတွက် မန္တလေးကနေ ညောင်ဦးကားလမ်းကနေ လာရောက်တာကလွယ်ကူပြီး ရန်ကုန်မှလာမယ်ဆိုရင် ပုပ္ပားမှတစ်ဆင့် ပြန်ဆင်းပြီး ဗျတ္တပန်းဆက်လမ်းမှ ငါးမိုင်လေးဖာလုံ ဝေးကွာပြီးတော့ ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းမှ လာမယ်ဆိုရင် ကိုးမိုင်နဲ့ ငါ့သရောက်မြို့မှ ဝင်လာမယ်ဆိုရင် ခြောက်မိုင်သာဝေးကွာတယ်"ဟု ဦးအောင်နိုင်က ဖိတ်ခေါ်ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ မြန်မာလူမျိုးတွေရဲ့ ရိုးရာဓလေ့စရိုက် အငွေ့အသက်တွေ ပြည့်လျှံနေတဲ့ စက်စက်ယိုရွာကလေးက ပြန်အထွက်မှာ လက်ပြနှုတ်ဆက်ကျန်ခဲ့ကြတဲ့ ကလေးငယ်လေးတွေကို ကြည့်ပြီးအဆိုတော်ကြီး အကော်ဒီယံအုန်းကျော်ရဲ့ "တို့ . . . ငယ်ငယ်တုန်းအရွယ် . . . သျှောင်ပေစူးလေးတွေနဲ့ ကွယ် . . . ပုဆိုးကိုစလွယ်သိုင်း . . . ရွာဝိုင်းပတ်လည် . . . ဆိုတဲ့ သီချင်းသံလေးကိုပြန်လည်ကြားယောင်မိရင်း ဘာရယ်လို့မသိ၊ အမည်မရှိတဲ့ အလွမ်းတွေ ဖြစ်တည်ခံစားရင်း . . . သြော် . . . အတိတ်က မြန်မာ့ယဉ်ကျေးမှုပုံရိပ်တွေ အညာမြေမှာဆက်လက်ရှင်သန်နိုင်ပါစေလို့ မျှော်လင့်ခြင်းဆုတောင်းလေးတွေ ခြွေခဲ့မိပါတယ် . . . ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**

## နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံမှ နွေစပါးဧက ၁၀၀၀၀ ကျော် ရေပေးဝေလျက်ရှိ

**နတ်တလင်း ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံမှ ၂၀၁၉ ခုနှစ်တွင် နွေစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကာ ရေစတင်ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်သန်းက ပြောသည်။

တောင်ညိုရေလှောင်တမံ ရေသောက်စနစ်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ တရားဝင်ဖွံ့ဖြိုးရေး ချေးငွေဖြင့် အဆင့်မြှင့်တင်ပြုပြင်လျက်ရှိရာ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် မတ်လတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ရေသောက်စနစ်များအားလုံး ပြီးစီးသွားပါက နှစ်စဉ်မိုးစပါးဧက ၅၀၀၀၀ ကျော်အား ဖြည့်စွက်ရေ၊ အောင်ရေများ ပေးဝေနိုင်မည်ဖြစ်ပြီး နွေစပါးဧက ၂၅၀၀၀ ကျော်ကိုလည်း လျာထားစိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ကောင်းဆက်**





# အဆင့်မြင့်ပညာကို လေ့လာတဲ့အခါမှာ သင်ရိုးညွှန်းတမ်း သင်ကြားသင်ယူမှုကလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်

တောင်ငူပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုး

## တက္ကသိုလ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းသာယာသော သင်ယူမှုဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပညာရေးစကားဝိုင်း ကျင်းပ

**တက္ကသိုလ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းသာယာသော သင်ယူမှုဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၊ မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမိုးပွင့်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ပါမောက္ခချုပ်(တာဝန်) ဒေါက်တာအောင်ဝင်းနှင့် တောင်ငူပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

**သတင်းအဖွဲ့**

**(ယမန်နေ့မှအဆက်)**

**အစီအစဉ်မှူး။** ။တက္ကသိုလ်တွေမှာ ကျောင်းသား ကျောင်းသူတွေ စိတ်ချမ်းသာစွာ ပညာသင်ကြားနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအပေါ်မှာ ကျောင်းသား ကျောင်းသူတွေဘက်က ဘယ်လိုမျိုးတုံ့ပြန်မှုတွေရှိပါသလဲရှင်။

**ဒေါက်တာကျော်ကျော်ခေါင်။** ။ကျောင်းသား ကျောင်းသူတွေက တက္ကသိုလ်နယ်မြေသာယာဝပြောရေးအတွက်၊ သူတို့ရဲ့ သူငယ်ချင်းအပေါင်းအသင်းတွေ ကျောင်းနေပျော်ပြီး စာတော်ဖို့အတွက် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြပါတယ်။ ၂၁ ရာစု ကလေးငယ်တွေဟာ ICT နဲ့ အမြဲတမ်းထိတွေ့မှုရှိတဲ့အတွက် သူတို့ရဲ့အမြင်ဟာ ကျယ်ပြန့်ပါတယ်။ အဲဒါကိုလည်း အားပေးရမှာဖြစ်ပါတယ်။ သူတို့တွေဟာ စာသင်ခန်းထဲမှာတင် မကျေနပ်နိုင်ဘဲ စာသင်ခန်းပြင်ပက လှုပ်ရှားမှုတွေကိုလည်း တက်တက်ကြွကြွလုပ်ဖို့အတွက် အမြဲတမ်း လျော်ကန်တည့်မတ်တဲ့အကြံဆိုရင် ဆရာကြီးတို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးပါတယ်။ အမြဲတမ်း ဆောင်ရွက်နိုင်အောင်လည်း လမ်းဖွင့်ပေးထားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့တက္ကသိုလ်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ ဒိန်းမတ်သံရုံးနဲ့ MoU ရေးထိုးပြီးတော့ ဒဂုံတက္ကသိုလ်နဲ့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ Danish Institute of Human Right (DIHR)ကနေ ဖွင့်လှစ်ထားတဲ့ Human Right Resource Centre ရှိပါတယ်။ Human Right Resource Centre ရဲ့ အဓိကရည်မှန်းချက်က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဗဟုသုတကျယ်ပြန့်စေဖို့ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တက္ကသိုလ်နှစ်ခုပဲ တည်ထောင်ထားနိုင်ပါသေးတယ်။ ဒါကြောင့် အရှေ့ပိုင်းတက္ကသိုလ်စာကြည့်တိုက်မှာ DIHR ရဲ့ Human Right Resource Centre ကို ဖွင့်ထားပြီး Law ကျောင်းသားတွေအပြင် ကျန်တဲ့ကျောင်းသား ကျောင်းသူတွေ၊ ဆရာတွေ သွားရောက်ပြီး လေ့လာနေတာတွေ့ရပါတယ်။ Human Right Resource Centre မရှိသေးတဲ့ ဌာနတွေကလည်း အရှေ့ပိုင်းတက္ကသိုလ်ရဲ့ Home Page ကို ဖွင့်ကြည့်ပြီး စာအုပ်တွေ ဖတ်ရှုနိုင်ပါတယ်။ လက်ရှိအခြေအနေအရ Human Right Knowledge က အင်မတန်မှ အရေးကြီးလာတာဖြစ်ပါတယ်။ အဲဒီအတွက် ဥပဒေကျောင်းသားတွေဟာ စာကြည့်တိုက်မှူးနဲ့ တိုင်ပင်ပြီးတော့ Human Right Resource Centre တွေမှာ သူတို့ Duty အဆိုင်းချပြီး တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေကြားမှာ Human Right နဲ့ တရားဥပဒေစိုးမိုးရေး အသိပညာတွေ ပြန့်ပွားလာအောင် လုပ်အားပေးတဲ့အဖွဲ့တွေ ရှိပါတယ်။ ကျွန်တော်ကလည်း သူတို့ရဲ့ စိတ်ဓာတ်တက်ကြွအောင်၊ အလေ့အထလေးတွေ အစဉ်အဆက်မပြတ်ဖြစ်အောင် အားပေးမှုတွေ စီမံဆောင်ရွက်ပေးရပါတယ်။ တက္ကသိုလ်နယ်မြေအေးချမ်းသာယာရေးအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေပါဝင်မှုက အားရစရာကောင်းတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။တက္ကသိုလ်ကျောင်းတွေမှာ သင်ယူလို့တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်ဖို့ ဘာတွေများလိုအပ်ပါသလဲရှင်။

**ဒေါက်တာအောင်ဝင်း။** ။တက္ကသိုလ်တွေမှာ သင်ယူလို့တဲ့ ပတ်ဝန်းကျင်ကောင်း ဖြစ်ဖို့ဆိုရင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံက အဓိကအရေးကြီးပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို စဉ်းစားတဲ့အခါမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပညာရေးပုံစံ၊ နောင်ဖြစ်ပေါ်လာမယ့် ပညာရေးပုံစံတွေကို အခြေခံပြီး ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ လက်ရှိ ရှိနေတဲ့စာသင်ခန်းတွေမှာ ခုံရှည်တွေ၊ Row တွေ၊ Column တွေ ခွဲထားတဲ့စနစ်က ကျောင်းသားတွေရဲ့ 21st Century Skills ကို ကောင်းကောင်း Support မလုပ်နိုင်ပါဘူး။ ဒါကြောင့် ဦးစားပေးအနေနဲ့ စာသင်ခန်းတွေအတွက် ကျောင်းသားတွေရဲ့ Activities အပေါ်မူတည်ပြီး Group ဖွဲ့နိုင်တဲ့ ပုံစံမျိုးနဲ့ လိုက်လျောညီထွေဖြစ်မယ့် စာသင်ခန်းတွေကို စပြီးတော့ ပြောင်းဖို့လိုအပ်ပါတယ်။



### ပံ့ပိုးပေးဖို့ လိုအပ်

ဒါ့အပြင် ကျောင်းသားတွေကို 21st Century Skills ရအောင် အဓိကသွားနေတာဖြစ်တာကြောင့် အခြေခံအဆောက်အအုံပိုင်းမှာ Maker Space တွေ အရေးကြီးပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေ လေ့လာတဲ့အခါမှာ Maker Space တွေ၊ Sub-Lab တွေ၊ Factory Class-room တွေ ပြင်ဆင်ထားတာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့တက္ကသိုလ်တွေဟာလည်း ပြောင်းလဲလာမယ့် ပညာရေးပုံစံကိုစဉ်းစားပြီးတော့ စာသင်ခန်းတွေ၊ ကျောင်းသားတွေအတွက် Formal၊ Informal၊ Gathering Space တွေ အပါအဝင်ဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံပြည့်စုံအောင် စဉ်းစားထားပေးဖို့ လိုအပ်ပါတယ်။ တက္ကသိုလ်ဆိုတာ မြို့ငယ်လေးတစ်ခုလို ပြီးပြည့်စုံနေရမှာ ဖြစ်ပါတယ်။ ဒါမှ ကျောင်းသားတွေက သင်ယူမှုမှာ အာရုံစိုက်နိုင်မှာဖြစ်သလို သင်ကြားရေးဝန်ထမ်းတွေကလည်း သင်ကြားရေးနဲ့ သုတေသနကို အာရုံစိုက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ပေးမှလည်း သင်ကြားမှု၊ သင်ယူမှု Process ကြီးက အရှိန်အဟုန်မြင့်လာမှာဖြစ်တဲ့အတွက် Physical Infrastructure ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို ပြုပြင်ပြောင်းလဲဖို့၊ ပံ့ပိုးပေးဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။** ။ဒီမေးခွန်းအပေါ်မှာ ဆရာကြီး ဦးအောင်မြတ်စိုးက ဆက်ပြီးဆွေးနွေးပေးပါဦး။

**ဆရာကြီးဦးအောင်မြတ်စိုး။** ။အဆင့်မြင့်ပညာကို လေ့လာတဲ့အခါမှာ သင်ရိုးညွှန်းတမ်း သင်ကြားသင်ယူမှုကလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ Physical Infrastructure ကောင်းမွန်ပြီး Curriculum၊ Syllabus၊ Teaching-Learning တွေ ကောင်းကောင်းသုံးနိုင်တဲ့ ပညာရေးစနစ်ဖြစ်ဖို့ လိုပါတယ်။ ဒါကြောင့် Teaching-Learning တွေထဲမှာ Thinking Skills တွေ ပါဝင်နိုင်အောင်၊ Interaction များများ ပါနိုင်အောင် Entrepreneural Skills တွေ၊ Smart Mind တွေအထိ ဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ Teaching-Learning တွေကို ဖန်တီးပေးဖို့လိုပါတယ်။ ဒီလို Teaching-Learning တွေ ဖြစ်နိုင်ဖို့ Project Oriented Learning တွေ၊ Problem Oriented Learning တွေ၊ Case Study Based Learning မျိုးတွေကို ဖန်တီးပေးဖို့ လိုပါတယ်။ ဒါမှသာ ကျောင်းသား ကျောင်းသူတွေဟာ သူတို့လေ့လာနေတဲ့ အရင်ကပုံစံ Passive Learning ကနေ Active Learning ကို ကူးပြောင်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဓိကကျတဲ့ Physical Infrastructure တွေ ကောင်းကောင်းသုံးနိုင်ဖို့ဆိုရင် ဘာသာရပ်တွေအလိုက် လိုအပ်နေတဲ့ Chemical တွေ၊ Apparatus တွေ၊ Equipment တွေ ပြည့်စုံတဲ့ လက်တွေ့ခန်းတွေ လိုအပ်ပါတယ်။ ဘာသာရပ်အလိုက် လိုအပ်နေတဲ့ Maker Space တွေ၊ ဥပမာအားဖြင့် Metal Working၊ Wood working၊ Prototyping၊ Electronics shop၊ Print making၊ Ceramics တွေအတွက် ပြည့်စုံကောင်းမွန်တဲ့ လက်တွေ့ခန်းတွေရှိဖို့ လိုအပ်ပါတယ်။ နောက် Informal Gathering Space တွေလည်း ရှိနိုင်မယ်ဆိုရင် ပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ်။

### ထိရောက်တဲ့ပညာရေး

နောက်ထပ် Integrated Design Project တွေ၊ Learning တွေကို လုပ်မယ်ဆိုရင် ဘာသာရပ်တွေ၊ ကျွမ်းကျင်မှုတွေ၊ မတူညီတဲ့သူတွေ ပူးပေါင်းခြင်းအားဖြင့်လည်း ပိုပြီးတော့ အကျိုးဖြစ်ထွန်းလာနိုင်မယ်လို့ ထင်ပါတယ်။ နောက်တစ်ချက်အနေနဲ့ဆိုရင် Teaching-Learning တွေကိုပေးတဲ့အချိန်မှာ စာကြည့်တိုက်ကို များများသုံးနိုင်တဲ့ပုံစံတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဘာသာရပ်အလိုက် လိုအပ်တဲ့ Assignment တွေပေးမယ်ဆိုရင် မဖြစ်မနေ စာကြည့်တိုက်၊ e-Library ကို သူတို့သုံးရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ Online Resource တွေနဲ့ Information တွေ သုံးလာမယ်ဆိုရင် ပိုပြီးတော့ထိရောက်တဲ့ သင်ကြားသင်ယူမှုတွေ ဖြစ်လာမယ်လို့ထင်ပါတယ်။ ဥပမာ ပညာရေးကောလိပ်တွေဟာ အခြေခံပညာမှာ အမှန်တကယ် ထိရောက်တဲ့ Quality Education တွေ ပေးနိုင်ဖို့ တကယ့် Quality Teacher တွေကို မွေးထုတ်ပေးနေတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာအဆင့်မီတဲ့ Curriculum တွေ၊ Syllabus တွေကို ကောင်းကောင်းသုံးရမှာ ဖြစ်ပါတယ်။ ပညာရေးကောလိပ်ဆင်း ဆရာ ဆရာမတွေဖြစ်လာမယ့်သူတွေက ကလေးတွေကို CCA ခေါ်တဲ့ Child Centre Approach နဲ့ မဖြစ်မနေသင်ကြားရမှာပါ။ ဒီလိုပဲ ကျောင်းသားတွေကလည်း Learner Centre Approach နည်းနဲ့ လေ့လာသင်ယူကြရမှာဖြစ်ပါတယ်။ ဒါဆိုရင် သူတို့ရဲ့အဓိကလိုအပ်တဲ့ Hard Skills တွေအပြင် Soft Skills တွေပါ ရသွားမယ်ဆိုရင် သူပြန်လည်ပို့ချမယ့် ကလေးတွေကို ထိရောက်တဲ့ပညာရေးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဆင့်မြင့်ပညာကို လေ့လာတဲ့အခါ နောက်ထပ် Personalized Modular Education တွေလည်း ဖန်တီးပေးနိုင်မယ်ဆိုရင် တကယ့်အဆင့်မြင့်ပညာကို ပျော်ပျော်ရွှင်ရွှင် ထိထိရောက်ရောက်နဲ့ သင်ကြားနိုင်တဲ့ ပညာရေးတစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး။** ။အခုနောက်ဆုံးအနေနဲ့ တက္ကသိုလ်တွေမှာ ကျောင်းသား ကျောင်းသူတွေကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာစွာနဲ့ အတူပညာသင်ကြားနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိမှုတွေအပေါ်မှာ ကျောင်းသား ကျောင်းသူတွေဘက်က ဘယ်လိုမျိုးပံ့ပိုးကူညီရမလဲရှင့်။

**ဒေါက်တာကျော်ကျော်ခေါင်။** ။Campus ကြီး သာယာဝပြောဖို့ အတွက် ပါမောက္ခချုပ်နဲ့ ဆရာ ဆရာမတွေနဲ့ပဲ ဆောင်ရွက်လို့ မရပါဘူး။ ဆရာသမဂ္ဂတို့၊ ကျောင်းသားသမဂ္ဂတို့ လူမှုရေးအဖွဲ့အစည်းတွေအားလုံး ညီညီညွတ်ညွတ်ပါဝင်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ၂၁ ရာစုမှာ ကြီးပြင်းကြမယ့်မျိုးဆက်တွေဟာ တွေးခေါ်ပုံတွေကအစ ပြောင်းလဲသွားကြပါပြီ။ ဆရာ ဆရာမတွေက စာသင်တာထက် ပိုတာဝန်ကြီးတဲ့ Resource Person ဖြစ်သွားပါပြီ။ ဘာကြောင့်လဲဆိုတော့ ကျောင်းသား ကျောင်းသူတွေက Mobile Phone တွေကနေ Internet ကို သူတို့ကိုယ်တိုင်ဝင်ရောက်ကြည့်ရှုနိုင်တဲ့အတွက် ဘာသာရပ်တွေနဲ့ ပတ်သက်တဲ့ သင်ကြားနည်းတွေ၊ သူတို့လှုပ်ရှားနေတဲ့ လှုပ်ရှားမှုနဲ့ပတ်သက်တာတွေ အတိမ်၊ အနက်ကို သူတို့သဘောပေါက်ကြပါတယ်။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၊ ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေဟာ တက္ကသိုလ်နယ်မြေ သာယာဝပြောလာစေရေးအတွက် ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ ရှောရှောရှူရှူဖြစ်အောင် အပြုသဘောနဲ့ဝင်ရောက်ပါဝင်ကူညီဖို့ လိုအပ်ပါတယ်။ တက္ကသိုလ်တွေဟာ လောလောဆယ်မှာ အစိုးရရဲ့ဝင်ငွေအပေါ်မှာပဲ ရပ်တည်နေရတဲ့အတွက် ပညာရေးဝန်ကြီးဌာနကလည်း တက္ကသိုလ်တွေ ကိုယ်ပိုင်လွတ်လွတ်လပ်လပ်ရပ်တည်နိုင်ဖို့အတွက် အစီအမံတွေဆောင်ရွက်နေပါတယ်။ ကိုယ်ပိုင်လွတ်လွတ်လပ်လပ်ရပ်တည်နိုင်တဲ့အခြေအနေရောက်ရင် ကျောင်းသားတွေရဲ့ ပါဝင်ဆောင်ရွက်မှုက တက္ကသိုလ်နယ်မြေအတွက် အင်မတန်မှပဲ အရေးကြီးပါတယ်။ အဲဒီအတွက် အလေ့အကျင့်ကောင်းတစ်ခုဖြစ်အောင် သူတို့ရဲ့ တက္ကသိုလ်နယ်မြေသာယာဝပြောရေးလုပ်ငန်းဆောင်ရွက်ချက်တွေမှာ လိုလိုချင်ချင် ဝင်ရောက်ကူညီနေတာကို ကြိုဆိုရမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အခုအခြေအနေမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က ကျောင်းသားတွေအကျိုး မျှော်ကိုးပြီး တောင်းခံတဲ့အခြေအနေတွေကို ပံ့ပိုးပေးဖို့နဲ့ အရင်ထက် တိုးမြှင့်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဥပမာ ဝန်ထမ်းအိမ်ရာအတွက်သော်လည်းကောင်း၊ အားကစားရုံအတွက်သော်လည်းကောင်း၊ အခြားသင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းတွေအတွက် သော်လည်းကောင်း အဲဒီကိစ္စတွေလည်း အင်မတန်အရေးကြီးပါတယ်။ အခုဆိုရင် တက္ကသိုလ်ပေါင်း ၁၃၄ ကျောင်းဟာ ပညာရေးဝန်ကြီးဌာနကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် တက္ကသိုလ်စုစည်းတဲ့ အင်အားဟာ အနာဂတ်မြန်မာနိုင်ငံ ပညာရေးအတွက် အင်မတန်အားရစရာကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ အဓိကကျတဲ့ "မိဘဆရာပူးပေါင်း ကလေးပညာကောင်း" ဆိုသလို တက္ကသိုလ်နယ်မြေ သာယာဝပြောဖို့အတွက် ကျောင်းသားနဲ့ ဆရာ စည်းစည်းလုံးလုံးရှိဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ပြောလိုပါတယ်။

**အစီအစဉ်မှူး။** ။အခုလို ဆွေးနွေးပေးတဲ့ ဆရာကြီး၊ ဆရာမကြီးတို့ကို ကျေးဇူး အထူးတင်ရှိပါတယ်ရှင့်။

# မိတ္ထီလာစီးပွားရေးတက္ကသိုလ် MBF/MDevS သင်တန်းဖွင့်ပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၃**

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Banking and Finance-MBF) နှင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (Master of Development Studies-MDevS) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက MBF နှင့် MDevS သင်တန်းများသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါပြီး မြန်မာနိုင်ငံတွင် ရန်ကုန်စတော့အိတ်ချိန်းကို ဖွင့်လှစ်နိုင်သဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူများ များစွာလိုအပ်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ်များသာမက ပုဂ္ဂလိကဘဏ်များလည်း တိုးတက်များပြားလာသဖြင့် ဘဏ်လုပ်ငန်းကျွမ်းကျင်သူများကို မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ နိုင်ငံ့ဝန်ထမ်း အများအပြားရှိသည့် နေပြည်တော်တွင် ဖွင့်လှစ်နိုင်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုဖွင့်လှစ်သည့် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF)နှင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS) သင်တန်းသည် ဝန်ထမ်းများအရည်အသွေးမြင့်မားရေး၊ နိုင်ငံသားများ၏စွမ်းဆောင်ရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပေးနိုင်ရေးတို့ကို အဓိကရည်ရွယ်ထားခြင်း ဖြစ်ပါကြောင်း၊ သင်တန်းများဖွင့်လှစ်ပေးနိုင်သည့်အတွက် နေပြည်တော်ရှိ ဌာနဆိုင်ရာအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်မပျက် ရုံးချိန်ပြင်ပ၌ ပညာဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ပညာသင်ယူရာတွင် ရမှတ်များများရရန်ထက် Life Long Learning ဖြင့် သင်ယူခြင်းကို အားပေးပါကြောင်း၊ များများသင်ယူလေ့လာရန်အတွက် နိုင်ငံတကာအဆင့်မီ စာအုပ်များကိုလေ့လာနိုင်ရန် အင်္ဂလိပ်စာအရည်အသွေးကောင်းမှ သင်ယူလေ့လာနိုင်မည်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာ အရည်အသွေးကောင်းမှသာ တစ်သက်တာသင်ယူရန်အတွက် အခွင့်အလမ်းကို မိမိရရဆုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာထွန်းအောင်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF)သင်တန်းသား သင်တန်းသူ ၆၃ ဦးနှင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) သင်တန်းသားသင်တန်း သူ ၉၂ ဦး စုစုပေါင်း ၁၅၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန မန္တလေးပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိတစ်ဦးကစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**မူးယစ်သံသရာ ပြန်မလည်စေရန်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းရှိ သင်တန်းသားများကို တွေ့ဆုံ၍ ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ထူထောင်ရေးသင်တန်းများ ပိုမိုထိရောက်အကျိုးရှိစေရန် သင်တန်းကာလကို တိုးမြှင့်လေ့ကျင့်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပုံမှန်စစ်ဆေးကုသပေးနိုင်ရေး၊ မူးယစ်သံသရာပြန်မလည်စေရန် မိသားစုနှင့် ပတ်ဝန်းကျင်အတွင်း ပြန်လည်ဝင်ဆံ့နိုင်စေရန် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ထောက်ပံ့ငွေကျပ် ၁၁၅ ဒသမ ၄၇ သိန်း၊ ဘိုးဘွားများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် အာဟာရမုန့်များကို ပေးအပ်လှူဒါန်းသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ နားမကြားသော ကလေးများကျောင်း၌ ဂျပန်နိုင်ငံ ကျိုတိုမြို့မှ Kyoshin Co., Ltd. က အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအဖြစ် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများ၏ ဘဝရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာဆောင်ရွက်ပေးနိုင်လျှင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် ပြည်တွင်းပြည်ပအလှူရှင်များ၏ ပံ့ပိုးမှုကို အလေးထားပါကြောင်း၊ Kyoshin Co., Ltd. သည် မန္တလေးမြို့ နားမကြားသော ကလေးများကျောင်းသို့ လှူဒါန်းပေးခြင်းသည် (၂၁)ကြိမ်မြောက်ဖြစ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးတွင် မသန်သော်လည်း စွမ်းနိုင်သမျှ စွမ်းနိုင်အောင် ကျောင်းရှိကလေးငယ်များ၏ လေ့ကျင့်သင်ယူမှုများအတွက် ကူညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ယင်းနောက် Kyoshin Company မှ Chairman ဖြစ်သူ Mr. Sadaaki Tachiki က နှစ်စဉ်အလှူငွေများလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းသည်။

**လစဉ်ထောက်ပံ့ပေးအပ်လျက်ရှိ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာတွင် ကျင်းပသည့်စကားအင်းကျေးရွာ၊ ပန်ယုကျေးရွာနှင့် ငါးဇင်ရိုင်းကျေးရွာများအတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများနှင့် မသန်စွမ်းများအား ထောက်ပံ့ခြင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးခြင်းနှင့် မိခင်ဝိုင်းများဖွင့်လှစ်ရန်ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်ပြီးရှေးဦးအရွယ် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်းသည် ၎င်းတို့၏တစ်သက်တာလုံးအတွက် ဦးနှောက်ဖွံ့ဖြိုးမှုရရှိစေပြီး အနာဂတ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် မိမိနိုင်ငံအတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝန်ကြီးဌာနက ထောက်ပံ့ပေးလျက်ရှိပါကြောင်းနှင့် သက်ကြီးဘိုးဘွားများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုရေးပင်စင်အဖြစ် လစဉ်ထောက်ပံ့ပေးအပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၆၉၄ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၂၀၈၂၀၀၀၀၊ မသန်စွမ်း ၃၂၀ အတွက် ထောက်ပံ့ငွေကျပ် ၉၆၀၀၀၀၀၊ မိခင်ဝိုင်းများဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၂၅၀၈၁၀၀ နှင့် ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရမုန့်များပေးအပ်ကြရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သန်ပြားကောင်ရောဂါကာကွယ်ရေးနှင့် ကုသထိန်းချုပ်ရေးလုပ်ငန်းဆွေးနွေးပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၃**

ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သောသန်ပြားကောင်ရောဂါကာကွယ်ရေးနှင့် ကုသထိန်းချုပ်ရေးလုပ်ငန်း



ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရေချိုခရုမှတစ်ဆင့်ကူးစက်တတ်သော သန်ပြားကောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်း မဟုတ်ဘဲ နှီးနွှယ်ဌာနများ၊ အစိုးရအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းပါဝင်၍ လူထုကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် စတင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရေချိုခရုနှင့်ပတ်သက်ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းပြီး အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာကြည်လွင်တို့က ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သန်ပြားကောင်ရောဂါကာကွယ်ရေးနှင့် ကုသထိန်းချုပ်ရေးလုပ်ငန်းများကို ပြောကြားကြပြီး ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲစီမံချက် မန်နေဂျာ ဒေါက်တာတိုးသီရိအောင်၊ ညွှန်ကြားရေးမှူး(ကျောင်းကျန်းမာရေး) ဒေါက်တာဒေါ်စန္ဒာနှင့် ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ) ဒေါက်တာဖြူဖြူအေးတို့က ရောဂါဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ရခိုင်ပြည်နယ်တွင် ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သန်ပြားကောင်ရောဂါဖြစ်ပွားမှု၌ ပေါက်တောမြို့နယ်တွင် အများဆုံးဖြစ်ပွားပြီး ကျောက်ဖြူမြို့နယ်မှာ ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သမ္မတထရန့်အား အက်ဖ်ဘီအိုင်က ၂၀၁၇ ခုနှစ်ကစပြီး စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်လျက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန် ဗဟိုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) က သမ္မတထရန့်အနေဖြင့် အမေရိကန်၏ အကျိုးစီးပွားကို ဆန့်ကျင်ပြီး ရုရှားနိုင်ငံနှင့် လျှို့ဝှက်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ခြင်း ရှိ၊ မရှိကိုမူ ၂၀၁၇ ခုနှစ်ကစတင်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက ယနေ့သတင်းတွင် ဖော်ပြသည်။

ဗဟိုစုံစမ်းစစ်ဆေးရေးဗျူရို ဒါရိုက်တာဟောင်း ဂျိမ်းကိုမီအား သမ္မတထရန့်က ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် အဆိုပါစုံစမ်းစစ်ဆေးမှုကို စတင်ခဲ့ခြင်းဖြစ်သည်ဟု သည်နယူးယောက်တိုင်းမ်သတင်းစာတွင် ရေးသားထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ ဝင်ရောက်စွက်ဖက်ခဲ့မှု ရှိ၊ မရှိနှင့် သမ္မတထရန့်သည် ရုရှားနိုင်ငံနှင့်လျှို့ဝှက်စွာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ခြင်းရှိ၊မရှိတို့ကို ဗဟိုစုံစမ်းစစ်ဆေးရေး တာဝန်ရှိသူများက ၂၀၁၇ ခုနှစ်တွင် စတင်စုံစမ်းထောက်လှမ်းမှုများပြုလုပ်ခဲ့သည်။ အက်ဖ်ဘီအိုင် ဒါရိုက်တာဟောင်း တရားရုံးချုပ်ရှေ့နေ ရောဘတ်မူလာအား အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ သို့သော် ရောဘတ်မူလာအနေဖြင့် အဆိုပါ တန်ပြန်စုံစမ်းထောက်လှမ်းရေးကိစ္စနှင့်ပတ်သက်ပြီး လက်ရှိအချိန်တွင် ဆက်လက်လုပ်ဆောင်နေခြင်း ရှိ၊ မရှိကိုမူ အတိအကျမသိရှိကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက ရေးသားထားသည်။

ယင်းသို့ ဗဟိုစုံစမ်းစစ်ဆေးရေးဗျူရိုက သူ့အား ခိုင်မာသောအကြောင်းပြချက်၊ သက်သေအထောက်အထားများမရှိဘဲ ယခုကဲ့သို့ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နေခြင်းသည် အချိန်ဖြုန်းခြင်းသက်သက်ပင် ဖြစ်သည်ဟု သမ္မတထရန့်က သူ၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာဟာဆန်းဒါးစ်က အဆိုပါစုံစမ်းစစ်ဆေးမှုသည် အဓိပ္ပာယ်ကင်းမဲ့လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**





# တရုတ်နိုင်ငံတွင် ကျောက်မီးသွေးတွင်းပြိုကျ၊ အလုပ်သမား ၂၁ ဦးသေဆုံး

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်ခု၏ ဥမင်လိုဏ်ခေါင်း ရုတ်တရက်ပြိုကျမှုကြောင့် အလုပ်သမား ၂၁ ဦး သေဆုံးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါကျောက်မီးသွေးတွင်းသည် တရုတ်နိုင်ငံ ရှာရာနီစ် စီရင်စုတွင် တည်ရှိပြီး ဥမင်လိုဏ်ခေါင်းပြိုကျသည့်အချိန်တွင် မိုင်းတွင်းအလုပ်သမား ၈၇ ဦး အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မိုင်းတွင်းပြိုကျမှုကြောင့် ၂၁ ဦးသေဆုံးခဲ့ပြီး ၆၆ ဦးအား ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည်။

မိုင်းတွင်းပြိုကျမှုဖြစ်စဉ်၏ အကြောင်းရင်းခံကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်း အများအပြားသည် အလုပ်သမားများအတွက် အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်းတွင် ကျောက်မီးသွေးတွင်းများပြိုကျမှုကြောင့် သေဆုံးသူအလုပ်သမားအရေအတွက် ၄၀၀ နီးပါးရှိခဲ့သည်ဟု အာဏာပိုင်များက ဆိုသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ဘေးအန္တရာယ်အကင်းဆုံး လေကြောင်းလိုင်းများစာရင်းမှ ဂျပန်လေကြောင်းလိုင်း ထုတ်ပယ်ခြင်း ခံရ

**ကျိုတို ဇန်နဝါရီ ၁၃**

ကမ္ဘာ့ဘေးအန္တရာယ်အကင်းဆုံး လေကြောင်းလိုင်းများစာရင်းမှ ဂျပန်လေကြောင်းလိုင်း ထုတ်ပယ်ခြင်း ခံခဲ့ရကြောင်းနှင့် အဆိုပါထုတ်ပယ်ခံခဲ့ရသည့် ဂျပန်လေကြောင်းလိုင်းသည် ၂၀၁၆ ခုနှစ်ကစပြီး သုံးနှစ်ဆက်တိုက် ကမ္ဘာ့ဘေးအန္တရာယ်အကင်းဆုံးလေကြောင်းလိုင်း ၂၀ ၏ အမည်စာရင်းတွင် ပါဝင်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဩစတြေးလျကုမ္ပဏီတစ်ခုဖြစ်သည့် **Airline Ratings** သည် နီပွန်လေကြောင်းလိုင်းကို ၂၀၁၆ ခုနှစ်မှစပြီး သုံးနှစ်ဆက်တိုက် ကမ္ဘာ့ဘေးအကင်းဆုံး လေကြောင်းလိုင်းစာရင်းတွင် ထည့်သွင်းခဲ့သည်။

အဆိုပါကုမ္ပဏီသည် လေကြောင်းလိုင်း ၄၀၅ ခု အနက် တစ်ခုချင်းစီ၏ လေကြောင်းပြေးဆွဲခြင်းနှင့် မတော်တဆမှု ဖြစ်ပွားနှုန်း မည်မျှရှိခဲ့သလဲဆိုသည့် စံနှုန်းသတ်မှတ်ချက်များ၊ အစိုးရ၏စာရင်းစစ်ဆေးမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအပေါ် မူတည်ပြီး ဘေးအကင်းဆုံး လေကြောင်းလိုင်းအမည်စာရင်းတွင် ထည့်သွင်းသတ်မှတ်ကြောင်း သိရသည်။

ဂျပန်လေကြောင်းလိုင်းကို ဘေးအကင်းဆုံး လေကြောင်းလိုင်း စာရင်းမှ ထုတ်ပယ်ခဲ့ရသည့် အကြောင်းရင်းမှာ အဆိုပါလေကြောင်းလိုင်း၏ လေယာဉ်မောင်၊ လေယာဉ်မယ်များ အရက်သောက်သုံးထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု Airline Ratings ကုမ္ပဏီ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနက ဂျပန်လေကြောင်းလိုင်းကို ၎င်း၏မူဝါဒများအား အလုံးစုံပြန်လည်စစ်ဆေးရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

လွန်ခဲ့သောလက ဂျပန်နိုင်ငံမှ ဟာဝိုင်အီကျွန်းရှိ ဟိုနိုလူလူမြို့သို့ ခရီးစဉ်ပျံသန်းလာသည့် လေယာဉ်တစ်စင်းတွင် လိုက်ပါလာသော လေယာဉ်မယ်တစ်ဦးသည် ပြင်သစ်ရှန်ပိန်ဝိုင် အနည်းငယ်သောက်သုံးထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

လွန်ခဲ့သော နိုဝင်ဘာလက ဂျပန်လေကြောင်းလိုင်းမှ လေယာဉ်မှူးတစ်ဦးသည် အရက်သောက်သုံးထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လန်ဒန်မြို့တရားရုံးက ထောင်ဒဏ် ၁၀ လချမှတ်ခဲ့ကြောင်း သိရသည်။ လေယာဉ်မှူး သောက်သုံးထားသည့် အရက်ပမာဏသည် ဗြိတိန်နိုင်ငံက သတ်မှတ်ထားသည့် ပမာဏထက် ၁၀ ဆ ပိုမိုများပြားလျက်ရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# ပြင်သစ်သမ္မတအား ရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်သူများ တောင်းဆို

**ပါရီ ဇန်နဝါရီ ၁၃**

ပြင်သစ်သမ္မတ မက်ခရွန်၏ မူဝါဒများကို ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒထုတ်ဖော်သူများက ရက်သတ္တပတ်ကိုးပတ်မြောက် ဆန္ဒထုတ်ဖော်မှုကို ဆက်လက်ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးအရာရှိများနှင့် ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၂ ရက်တွင် ဆန္ဒထုတ်ဖော်သူအရေအတွက် ၈၄၀၀၀ ခန့်သည် ပါရီ၊ ဘော်ဒိုးနှင့် ဘော်ဂျ်စ်မြို့များအပါအဝင် နိုင်ငံတစ်ဝန်းရှိ လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

အဝါရောင်အင်္ကျီများဝတ်ဆင်ထားသော ဆန္ဒထုတ်ဖော်သူများသည် သမ္မတ မက်ခရွန်အား သမ္မတရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

လုံခြုံရေးအရာရှိများက ဆန္ဒထုတ်ဖော်သူများအား မျက်ရည်ယိုဗုံးများနှင့် ရေပိုက်လုံးကြီးများ အသုံးပြုကာ လူစုခွဲခဲ့ပြီး ဆန္ဒထုတ်ဖော်သူ ၁၅၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ သမ္မတမက်ခရွန်က လောင်စာဆီအခွန်အခများ တိုးမြှင့်ကောက်ခံမည်ဟု ကြေညာခဲ့ပြီးနောက် လွန်ခဲ့သော နိုဝင်ဘာလတွင် ဆန္ဒထုတ်ဖော်မှုများကို စတင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာလတွင် သမ္မတမက်ခရွန်က လောင်စာဆီ တိုးမြှင့်ကောက်ခံမှုကို ရပ်တန့်မည်ဖြစ်ပြီး အနည်းဆုံးလုပ်အားခ လစာနှုန်းထားကို တိုးမြှင့်သတ်မှတ်ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း ဆန္ဒထုတ်ဖော်သူများက ကျေနပ်မှုမရှိခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**
ကန္တာရဝတီလူမှုရေးအသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

ကယားပြည်နယ်နေ့ကို ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကယားတိုင်းရင်းသားမျိုးနွယ်စုများ၊ ကယားပြည်နယ်အတွင်း မွေးဖွားခဲ့ကြသူများ၊ ကယားပြည်နယ်တွင် နေထိုင်ခဲ့ကြဖူးသူများ၊ တာဝန်ထမ်းဆောင်ခဲ့ကြဖူးသူများ ကယားပြည်နယ်နေ့တွင် တစ်နှစ်တစ်ခါပြန်လည်ဆုံတွေ့ကြရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ပြန်လည်တွေ့ဆုံ**

(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကျင်းပရေးကော်မတီမှ ဦးတင်မောင်မြင့်က "ကယားပြည်နယ်မှာက ဇန်နဝါရီ ၁၅ ရက်နေ့ဆို ကျင်းပပါတယ်။ ရန်ကုန်မှာ ကြိုပြီးကျင်းပတာက အများပြည်သူအလုပ်ပိတ်ရက်ဖြစ်တဲ့ တနင်္ဂနွေနေ့နဲ့ တိုက်ဆိုင်ကျင်းပတာဖြစ်ပါတယ်။ ရန်ကုန်မှာ ကန္တာရဝတီလူမှုရေးအသင်းအနေနဲ့ကျင်းပတာ ဒီအကြိမ်နဲ့ဆို ခြောက်ကြိမ်မြောက်ရှိပါပြီ။ ရန်ကုန်မြို့မှာရောက်ရှိနေတဲ့ ပြည်နယ်သူပြည်နယ်သားတွေနဲ့ ကယားပြည်နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဝန်ထမ်းဟောင်းတွေ တစ်နှစ်တစ်ခါပြန်လည်တွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်။ ရိုးရာအစားအစာတွေ၊ ဖျော်ဖြေမှုတွေလည်း ပါဝင်ပါတယ်" ဟု ပြောသည်။

အခမ်းအနားတွင် ကန္တာရဝတီလူမှုရေးအသင်း ဥက္ကဋ္ဌ ဦးဘော်ရယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုထံမှ ပေးပို့သော သဝဏ်လွှာကို နာယကအဖွဲ့ဝင် ဦးမြင့်သိန်းက ဖတ်ကြားသည်။

ဆက်လက်၍ ကန္တာရဝတီလူမှုရေးအသင်း၏ တစ်နှစ်တာဆောင်ရွက်ချက်များနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးတင်မောင်မြင့်က ဖတ်ကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကယားပြည်နယ် လွိုင်ကော်မင်္ဂလာရပ်ကွက်မှ ဦးမောင်ဝင်းက "မိတ်ဆွေတွေကိုတွေ့ချင်တာနဲ့ လာခဲ့တာပါ။ တစ်နှစ်မှတစ်ခါဆုံကြတာဆိုတော့ ဒီကိုလာပြီးတွေ့ကြတာပေါ့။ တချို့ဆို ၁၅ နှစ်လောက် မတွေ့ရတဲ့သူတွေတောင်ရှိတယ်။ အခုပြန်ဆုံရတယ်။ အခုလိုတစ်နှစ်တစ်ခါဆုံစည်းကြတဲ့ပွဲတော်မှာ ရရှိလာတဲ့ အကျိုးအမြတ်က မိတ်ဟောင်းဆွေဟောင်းတွေ တွေ့ဆုံကြတယ်။ ဒီကနေတစ်ဆင့် စီးပွားရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေ ပိုပြီးဆောင်ရွက်လာနိုင်မယ်" ဟု ပြောသည်။

**ဖျော်ဖြေတင်ဆက်**

ယနေ့ကျင်းပသည့် ကယားပြည်နယ်နေ့ ပွဲတော်သို့ လာရောက်ကြသူများအား ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခြင်း၊ ရိုးရာအစားအစာနှင့် အဝတ်အထည်များရောင်းချခြင်း၊ ကယားတိုင်းရင်းသား ကိုးမျိုး၏ ရိုးရာအကများ၊ ခေတ်ပေါ်ကယားဝတ်စုံများ ဝတ်ဆင်ပြသခြင်း၊ တေးသရုပ်ဖော်အကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။



၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ကို ကယားပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကယားပြည်နယ်နေ့အခမ်းအနားကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၆၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရန်ကုန်မြို့တွင်လည်း ကန္တာရဝတီလူမှုရေးအသင်း(ရန်ကုန်)၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲကို ၂၀၁၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် ခြောက်ကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-မိုင်ခ**



ဆုအိမ့်စံ



သွန်းဆက်



ရာဇဝင်ကို



ဇော်ဝင်းနိုင်(မန်း)

# သရဲသဘော် ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၁၈ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**
အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကို ရိုက်ကူးသည့် "သရဲသဘော်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကိုက "သရဲနဲ့ဟာသ ပေါင်းစပ်ထားပြီး သင်္ဘောပေါ်မှာ ရိုက်ခဲ့တဲ့ဇာတ်ကားလေးပါ။ ရန်ကုန်မြစ်ကြောင်းတစ်လျှောက်မှာ ရိုက်ထားတာပါ။ မိုးရာသီမှာ သင်္ဘောပေါ်မှာရိုက်ခဲ့ရတာဆိုတော့ မိုးတိတ်မယ့်အချိန်ကို စောင့်ပြီးရိုက်ခဲ့ရတယ်။ ကင်မရာတည်တဲ့အခါမှာလည်း ကိုယ်လိုချင်တဲ့ အနေအထားမျိုးရဖို့ အခက်အခဲတွေရှိခဲ့တယ်။ ကြိုတင်ပြင်ဆင်မှုအပိုင်းတွေ အများကြီးလုပ်ပြီးမှ ရိုက်ခဲ့ရတာပါ" ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ခန့်စည်သူ၊ သူရိယ၊ ညီထွဋ်ခေါင်၊ ခိုင်သင်းကြည်၊ ယုသန္တာတင်၊ သွန်းဆက်၊ ဆုအိမ့်စံ၊ ဇရာ၊ ငြိမ်းချမ်း၊ ဇော်ဝင်းနိုင်(မန်း)၊ ဝါဝါအောင်၊ ကေညီ၊ ဖိုးသဲ၊ သီဟနှင့် အနုပညာရှင်များစွာပါဝင်ပြီး ရယ်ရွှင်ဖွယ်ရာ သရဲနှင့်ဟာသ ပေါင်းစပ်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် သွန်းဆက်က "ဒီကားထဲမှာပါဝင်တဲ့ ဇာတ်ရုပ်ကတော့ သရဲမကြောက်တတ်ဘူး။ သတ္တိရှိတဲ့ပုံစံမျိုးပါ။ အပြင်မှာကတော့ သရဲဆိုရင် တော်တော်ကြောက်တတ်တယ်။ ဒါကြောင့် တော်ရုံတန်ရုံ သရဲဇာတ်ကားတွေ ရိုက်ဖို့ ကမ်းလှမ်းရင်တောင် မရိုက်ဖြစ်ဘူး။ ဒီကားလေးကတော့ ဟာသကားလေးဖြစ်တဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ" ဟု ပြောသည်။

ဇော်ဝင်းနိုင်(မန်း)က "သင်္ဘောပေါ်မှာ ဖြစ်ပျက်သွားတဲ့ ပြဿနာလေးတွေနဲ့ ရယ်စရာလေးတွေ လုပ်ထားတာပါ။ တစ်ကားလုံး အမှတ်တရတွေပါပဲ။ ဒီဇာတ်ကားထဲမှာကတော့ ကျွန်တော်က စုံထောက်ရူး ရူးနေတဲ့သူပါ။ ပူရတဲ့အထဲ ကုတ်အင်္ကျီအမည်းကြီးဝတ်၊ မှန်ဘီလူးကြီးကိုင်ပြီး ဟိုရှာ၊ ဒီရှာလုပ်တဲ့ ဇာတ်ရုပ်မျိုးပါ" ဟု ပြောသည်။

ယင်းဇာတ်ကားသည် သင်္ဘောပေါ်တွင်ရိုက်ခဲ့သည့် ဇာတ်လမ်းဖြစ်သည့်အတွက် ပျော်ရွှင်စရာကောင်းပြီး အမှတ်တရများစွာရှိခဲ့ကြောင်း၊ ဟာသသရဲဇာတ်ကား ဖြစ်သည့်အတွက် လာရောက်ကြည့်ရှုကြသူများအနေဖြင့် ရင်ခုန်စိတ်လှုပ်ရှားကာ ပျော်ရွှင်ကြရလိမ့်မည်ဖြစ်ကြောင်း သရုပ်ဆောင် ဆုအိမ့်စံက ပြောသည်။

ရုပ်ရှင်သရုပ်ဆောင်တစ်ဦး၏ မွေးနေ့ပွဲကို သင်္ဘောပေါ်၌ ကျင်းပစဉ် မွေးနေ့ပွဲသို့ တက်ရောက်လာကြသည့် ပရိသတ်များ အမှတ်တရဖြစ်စေရန်နှင့် ပျော်ရွှင်မှုများ ရရှိစေရန်အတွက် ဖန်တီးပြီး သရဲခြောက်ရာမှ စတင်ခဲ့သည့် ရယ်မောပျော်ရွှင်ဖွယ်ကောင်းသော ဟာသသရဲဇာတ်ကားဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

❖ **ကျောဖုံးမှ**

"နှစ်ပေါင်း ၂၃၀ ကျော်ရှိတဲ့ ဒီကန်တော်မင်္ဂလာကြီးကို လှေ့လာရတာ အလွန်ပဲ ကြည်နူးမိပါတယ်။ သူငယ်ချင်းတွေနဲ့ စစ်ကိုင်းမြို့က လာရောက်လည်ပတ်တာပါ။ ကန်တော်မင်္ဂလာကြီးမှာ အမှတ်တရဓာတ်ပုံလည်း ရိုက်ကူးခဲ့ပါတယ်။ ဒီနေရာကို အခုမှရောက်ဖူးတာပါ။ ကိုယ်မရောက်ဖူးတဲ့နေရာမှာ အခုလိုထူးထူးခြားခြားသမိုင်းဝင်နေရာတစ်ခုကို လေ့လာခွင့်ရတာ အလွန်ပဲ ကြည်နူးမိပါတယ်" ဟု လာရောက်လည်ပတ်လေ့လာသူတစ်ဦးက ပြောသည်။

**ဖော်ဆောင်ပေး**

"ဒီနေရာကို အခုနောက်ပိုင်း လာရောက်လေ့လာသူတွေ တော်တော်များလာတယ်။ လပြည့်၊ လကွယ်နဲ့ အခါကြီးရက်ကြီးတွေမှာဆို ပိုစည်ကားပါတယ်။ လာရောက်လေ့လာသူတွေက ဒီဘုရားဝင်းထဲမှာ သုံးမျိုးလေ့လာလို့ရပါတယ်။ မဟာစန္ဒာမုနိဘုရားကြီး၊ ရဟန္တာရှစ်ဆယ်ဂူများနဲ့ ဒီကန်တော်မင်္ဂလာကြီးတို့ဖြစ်ပါတယ်။ မြန်မာရုပ်သေးရုပ်လေးတွေ ချိတ်ဆွဲထားတာလည်းရှိတယ်။ ထီးလှလှလေးတွေငှားပြီး ဓာတ်ပုံရိုက်လို့လည်းရပါတယ်။ ပြည်တွင်းခရီးသွားတွေ လာရောက်လည်ပတ်မှုများပေမယ့် ပြည်ပခရီးသွားတွေကတော့ လာရောက်မှုနည်းပါးပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ခရီးသွားနေရာတစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်ဖို့မျှော်လင့်ပါတယ်" ဟု အဆိုပါ ဘုရားဝင်းအတွင်း၌ ဈေးရောင်းနေသူတစ်ဦးက ပြောသည်။

**သမိုင်းဝင်ကန်တော်မင်္ဂလာကြီး**

အဆိုပါ မဟာစန္ဒာမုနိဘုရားဝင်းအတွင်းရှိ ကန်တော်မင်္ဂလာကြီးကို အမရပူရမြို့တည်နန်းတည် ဗဒုံမင်းတြား(ခ) ဘိုးတော်ဦးဝိုင်းက မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် စတင်တူးဖော်ဆောင်ရွက်ခဲ့ပြီး ရှေးဟောင်းသမိုင်းဝင်ကန်တော်မင်္ဂလာကြီးမှ အုတ်ချပ်ပေါင်း ဆယ်ကုဋေ ကိုးသန်း ရှစ်သိန်း ခုနစ်သောင်း ငါးဆယ် ငါးချပ် ကုန်ကျပြီး အပြင်တံတိုင်း၊ အတွင်းတံတိုင်းနှင့် တံတိုင်းနှစ်ထပ်ဖြစ်သည်။ အပြင်တံတိုင်း အလျား ၁၂၄ ပေ ပတ်လည်ရှိပြီး အတွင်းတံတိုင်းမှာ အလျား ၇၇ ပေဖြစ်သည်။ အတွင်းတံတိုင်း၏ ထောင့်လေးထောင့်တို့တွင် စေတီတစ်ဆူစီ တည်ထားကိုးကွယ်ထားသည်။ အပြင်တံတိုင်းမှ အတွင်းတံတိုင်းအထိ လှေကားထစ်ပေါင်း ၁၉ ထစ်ရှိပြီး အပေါ်တံတိုင်းလှေကားအောက်ဆုံးထစ်နှင့် အတွင်းတံတိုင်းအကြား ငါးပေခန့်ကျယ်သော စင်္ကြံပတ်လမ်းတစ်ခုရှိသည်။ စင်္ကြံပတ်လမ်းမှ အောက်ရေပြင်အထိ ၃၅ ပေနက်ပြီး အထက်တံတိုင်းမြေပြင်မှ အောက်ရေပြင်အထိ ၅၅ ပေခန့် နက်သည်။ ကန်တော်မင်္ဂလာကြီး၏ ထူးခြားချက်မှာ ၁၂ လပတ်လုံး ရေများမပြတ်ထွက်နေခြင်းဖြစ်သည်။ ကန်တော်မင်္ဂလာကြီးအား ၂၈. ၆. ၂၀၀၇ ခုနှစ်တွင် စန္ဒာမုနိကျောင်းတိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တနန္ဒိယ(မြို့နယ်သံဃနာယက) ဦးဆောင်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ ကုသိုလ်ပြုသူများ စုပေါင်း၍ ပြန်လည်ပြုပြင်ခဲ့ရာ ၆. ၁၂. ၂၀၀၇ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း ရှေးဟောင်းသမိုင်းဝင် ကန်တော်မင်္ဂလာ အကြီးစားပြုပြင်ခြင်း ကျောက်စာမှတ်တမ်းအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

❋ **တန်းတက်ဒဂုံအသင်းမှ**

ဇွဲကပင်အသင်းကို အနိုင်ကစားနိုင်ခဲ့သောကြောင့် တန်းပြန်မဆင်းရရန် ယုံကြည်မှုရှိသွားစေခဲ့သည်။

ဇွဲကပင်အသင်းတွင် ထိုင်းလိဂ်သို့ ပြောင်းရွှေ့သွားသည့် သန်းထက်အောင်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး နိုင်ငံခြားသားကစားသမားသုံးဦးဖြင့် ပွဲထွက်ခဲ့သည်။ ဒဂုံအသင်းတွင် နိုင်ငံခြားသားကစားသမားနှစ်ဦး ပါဝင်လာပြီး MNL ၌ ကစားဖူးသည့် ကစားသမားအချို့ ပါဝင်လာသောကြောင့် ဇွဲကပင်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် တိုက်စစ်ကစားပုံ လိုအပ်ချက်ရှိနေသည့်အပြင် သီဟထက်အောင်နှင့် အန်ဒါဆင်ဝက်စ်တို့၏ ခံစစ်အတွဲမှာလည်း အမှားများခဲ့၍ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပွဲအစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး လေးမိနစ်မှာပင် စိုးမြတ်သူက ဒဂုံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းသည် ဂိုးပေးလိုက်ရသောကြောင့် ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး ၁၀ မိနစ်တွင် ဂျပန်ကွင်းလယ်ကစားသမား ကင်မ်က ဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ဇွဲကပင်နောက်တန်းက အမှားများခဲ့၍ ပထမပိုင်းပြီးခါနီးတွင် စိုးမြတ်သူ၏ ဒဂုံအသင်းအတွက် ဒုတိယဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးရရန် ကြိုးစားသော်လည်း ဒဂုံအသင်းက အချိတ်အဆက်မိမိဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့သည်။ ဒဂုံအသင်းအတွက် တတိယဂိုးကို ၆၅ မိနစ်တွင် မျိုးမင်းဇော်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဒဂုံအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံနှင့် ဧရာဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အိမ်ရှင် ရတနာပုံအသင်းသည် ပွဲပြီးခါနီးတွင် သွင်းယူခဲ့သည့် ချေပဂိုးကြောင့် ပွဲဦးထွက် သရေတစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းနှင့် တစ်သင်းလုံးနီးပါး အပြောင်းအလဲ ပြုလုပ်ထားသည့် ဧရာဝတီအသင်းတို့၏ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ မိနစ် ၆၀ တွင် ဇော်လင်းက ဧရာဝတီအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် မြတ်ကောင်းခန့်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက Chinland အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၅၉ မိနစ်တွင် ဝင်းမင်းထွဋ်နှင့် ၉၀+ ၂ မိနစ်တွင် ထူးထူးအောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ဗန်းမော်၌ ဆီဘောက်ဆာယာဉ် ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွား၍ သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဗန်းမော် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဧရာဝတီမြစ်ကမ်းဘေးဆိုက်ကပ်ထားသည့် ပုဂ္ဂလိကပိုင်ဆီတွဲရေယာဉ်ပေါ်မှ မြစ်ကမ်းပါးပေါ်ရပ်တန့်ထားသည့် ဆီဘောက်ဆာယာဉ်အတွင်း ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့၍ သုံးဦးသေဆုံးကာ နှစ်ဦးမီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခန့်က ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအုပ်စု ဘုံဘိုင်ရပ် (ဒေသအခေါ်)ရှိ ဧရာဝတီမြစ်ကမ်းနံဘေးတွင် ရပ်တန့်ထားသည့် ပုဂ္ဂလိကပိုင် ဆီတွဲရေယာဉ်ပေါ်မှတစ်ဆင့် မြစ်ကမ်းပါးပေါ်ရပ်တန့်ထားသည့် ဆီဘောက်ဆာယာဉ်သို့ ဆီဖြည့်စဉ် ဆီဖြည့်သည့်ပိုက်ဂေါက်နှင့် ဆီဘောက်ဆာနှုတ်ခမ်းဝတို့ ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။



မီးလောင်မှုကြောင့် ဓနုဖြူမြို့နယ် ကျုံကဆင်းကျေးရွာနေ အောင်သန်းထိုက်(ခ) အာကာ၊ ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်နေ နိုင်လင်းထွန်းနှင့် ထွန်းထွန်းဝင်း(နေရပ်လိပ်စာစိစစ်ဆဲ)တို့သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အုန်းချော ကျေးရွာနေ သက်နောင်ဦးနှင့် မြင်းခြံမြို့နေ ဟိန်းဇော်တို့နှစ်ဦးမှာ မီးလောင်ဒဏ်ရာများရရှိခဲ့သည်။ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မော်လူး ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေတွင် ဘိန်းဖြူ ၄၅ ဂရမ်ကျော်ကို ဇန်နဝါရီ ၁၃ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက မော်လူးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးသတင်းအရ မြေပလ္လင်ကျေးရွာနေ ဉာဏ်ထွန်းအား စစ်ဆေးရာ အစိမ်းရောင်ဆပ်ပြာခွက်အတွင်း ဘိန်းဖြူမှုန့်အလေးချိန် ၁၁ ဂရမ်ခန့်ပါ တစ်ခွက်အား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါမူးယစ်ဆေးဝါးများကို မာန်ဟဲရွာနေ ဒေါ်ချိုလွင်က ၎င်းလယ်တဲသို့ ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်ချိုလွင်အား ဖမ်းဆီးစစ်ဆေးရာ အဆိုပါမူးယစ်ဆေးဝါးများကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သာယာကုန်းကျေးရွာနေ မကြူကြူခိုင်ထံမှ ဇန်နဝါရီ ၁၁ ရက် ညနေ ၆ နာရီခန့်က ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မကြူကြူခိုင်အား ဆက်လက်စစ်ဆေးရာ ဘိန်းဖြူ ၃၄ ဒသမ ၈ ဂရမ်ခန့်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ မော်လူးနယ်မြေရဲစခန်းက ၎င်းတို့သုံးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝဇြ**

# ဆားလင်းကြီး၌ လမ်းဘေးသစ်ပင်ဝင်တိုက်၍ ဆိုင်ကယ်စီးနင်းသူသေဆုံး

**ဆားလင်းကြီး ဇန်နဝါရီ ၁၃**

ဆားလင်းကြီးမြို့နယ် အောင်ချမ်းစီကျေးရွာအနီး၌ ဇန်နဝါရီ ၁၂ ရက် ည ၈ နာခွဲခန့်က အရှိန်လွန်ပြီး လမ်းဘေးသစ်ပင်ဝင်တိုက်မိသဖြင့် ဆိုင်ကယ်စီးနင်းသူသေဆုံးမှု ဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ ဝေဖြိုးလင်းသည် ညောင်ပင်ကြီးမှ ယင်းမာပင်သို့ ဆိုင်ကယ်ကို မောင်းနှင်လာစဉ် ဆားလင်းကြီးမြို့နယ် အောင်ချမ်းစီကျေးရွာအနီးတွင် အရှိန်လွန်ပြီး လမ်းဘေးသစ်ပင်ကိုဝင်တိုက်မိသဖြင့် ပြင်းထန်ဒဏ်ရာရရှိခဲ့၍ ဆားလင်းကြီးမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးငယ် (ဆားလင်းကြီး)**

# အတားအဆီးပြုလုပ်ထားသော ဘယ်ရီဂိတ်ကို ဝင်တိုက်သည့် လိုင်စင်မဲ့ယာဉ်ကို အမှုဖွင့်အရေးယူ

**သယ်န်းညီနောင် ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် မြဝတီမြို့နယ် သယ်န်းညီနောင်အဖွဲ့စုံပူးပေါင်းဂိတ်တွင် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အတားအဆီးပြုလုပ်ထားသော ဘယ်ရီဂိတ်ကို ဝင်တိုက်သည့် ယာဉ်ကို စစ်ဆေးရာမှ လိုင်စင်မဲ့ယာဉ်ဖြစ်နေ၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခန့်က သယ်န်းညီနောင်အဖွဲ့စုံဂိတ်တွင် ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်စဉ် အာရှလမ်းအတိုင်း မြဝတီမှ ကော့ကရိတ်သို့ ယာဉ်မောင်း အောင်ဇေဦး ကော့ကရိတ်မြို့နေသူ မောင်းနှင်လာသည့် 7N/----- အဖြူရောင်ယာဉ်သည် ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် အတားအဆီးပြုလုပ်ထားသည့် ဘယ်ရီဂိတ်ကို ဝင်တိုက်မိရာ ယာဉ်ကို စစ်ဆေးရာမှ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ယာဉ်မောင်းအား သယ်န်းညီနောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



# ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက် ရှစ်ဦး ဒဏ်ရာရ၊ တစ်ဦးသေဆုံး

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အလောင်းတော်ကဿပ ဘုရားဖူးရာမှပြန်လာသော Hiace ခဲရောင်ယာဉ်တစ်စီး ဂုံညင်းပင်စခန်းအနီး အဆင်းလမ်းတွင် အရှိန်များပြီး တိမ်းမှောက်မှု ဇန်နဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ဖြစ်ပွားရာ ရှစ်ဦးဒဏ်ရာရပြီး တစ်ဦးသေဆုံးကြောင်း သိရသည်။

အလောင်းတော်ကဿပ ဂုံညင်းပင်စခန်းအနီးတွင် ယာဉ်တစ်စီး တိမ်းမှောက်ကြောင်းသတင်းအရ ကနီမြို့မရဲစခန်းမှ ဒုရဲအုပ်နေလင်းဦးနှင့် အဖွဲ့သွားရောက်စစ်ဆေးရာ ယာဉ်မောင်းဟိန်းတိုး မောင်းနှင်လာသော တောင်ပေါ်သားကားလေးအသင်းမှ 9J/---ယာဉ်သည် ဘုရားဖူးအပြန် ဂုံညင်းပင်စခန်းအနီးအဆင်းလမ်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ရှိ တောင်စောင်းနှင့်ပွတ်တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော ခရီးသည် ရှစ်ဦးဒဏ်ရာများရရှိခဲ့ပြီး သံဖြူဇရပ် ပခန်းကြီးရွာနေ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရသူများကို ကပိုင်ဆေးရုံမှတစ်ဆင့် မုံရွာဆေးရုံကြီးသို့ လွှဲပြောင်းကုသလျက်ရှိပြီး ယာဉ်မောင်းအား ကနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဘားအံ-သထုံကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦးသေဆုံး

**ဘားအံ ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ဓမ္မပါလရပ်ကွက် ဘားအံ-သထုံကားလမ်း တံတားအမှတ် ၂/၂၃ အနီးတွင် ဇန်နဝါရီ ၁၃ ရက် နံနက် ၅ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဘားအံ-သထုံကားလမ်းအတိုင်း ဘားအံမှ သထုံသို့ ယာဉ်မောင်းအောင်ကျော်စိုး လသာမြို့နယ်နေသူ မောင်းနှင်ပြီး ဘေးတွင် ဦးအေးဟန် နောင်ကျန်ကျေးရွာအုပ်စု ဂူဝကျေးရွာနေသူ လိုက်ပါလာသော Mark Xယာဉ် လှာကာကျေးရွာအုပ်စု ဓမ္မပါလရပ်ကွက် ဘားအံ-သထုံကားလမ်း တံတားအမှတ် ၂/၂၃ အနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းတစ်ဖက်ခြမ်းမှ ဒေါ်သောင်းမြ အင်းလေး ၂လမ်း ဘားအံမြို့နေသူနှင့် ဒေါ်မာလာမြင့် ဓမ္မပါလရပ်ကွက် လှာကာကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူတို့ နှစ်ဦးကို နောက်မှဝင်တိုက်မိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မော်တော်ယာဉ်မှာ လမ်းတစ်ဖက်ခြမ်း လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ကျော်စိုးအား မြိုင်ကလေးရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကော့သောင်းခရိုင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ တန်ဖိုးမြင့်ဆေးရုံသုံး စက်ပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ ကော့သောင်းမြို့ Grand Andaman Hotel ပိုင်ရှင် ဦးကျော်လွင် (ထူးထူးတိုးကုမ္ပဏီ) နှင့် ထိုင်းနိုင်ငံမှအလှူရှင်တို့ ပူးပေါင်းလှူဒါန်းသည့် တန်ဖိုးငွေကျပ် သိန်း ၁၃၃၀ တန်ဖိုးရှိ တန်ဖိုးမြင့်ခေတ်မီဆေးရုံသုံး စက်ပစ္စည်းများနှင့် CB Bank မှ လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀၀ တို့ကို လက်ခံရယူပြီး ကလေးလူနာဆောင်သို့ သွားရောက်ကာ ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာနှင့် CD Scan (ကွန်ပျူတာဓာတ်မှန်) စက်ထားရှိမည့် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။(**အောက်ပုံ**)

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ မာရမ်းကျေးရွာအုပ်စု မာရမ်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအမိုးပြုပြင်ရန်လိုအပ်မှုအခြေအနေနှင့် လူနာဆောင်မျက်နှာကြက်ပြင်ဆင်ရန်လိုအပ်မှု၊ ဆေးဝါး၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားနိုင်ရေးနှင့် ဆေးရုံသန့်ရှင်းသပ်ရပ်မှု လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အေးချမ်းသာကျေးရွာသို့ ရောက်ရှိကြကာ ကျေးရွာအထက်တန်းကျောင်းခန်းမတွင် ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအား နယ်နိမိတ်အဖြစ်ပိုင်းခြားထားသည့် ပါချန်မြစ်ကမ်းတစ်လျှောက်တွင် နယ်စပ်ကျေးရွာများဖြစ်သည့် အေးချမ်းသာ၊ ဆိပ်ဖူး၊ မာရမ်း၊ ထုံပရီ ဖော့သုတ်၊ လုံးဖော၊ ပါကလပ်စသည့်ကျေးရွာများ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**





# ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်နေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီခွဲက တံတားအထူးအဖွဲ့ (၉) မှ တာဝန်ယူတည်ဆောက်နေသည့် ပဲခူးမြစ်ကူးတံတား (ကဝ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်ထွန်းနှင့် တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၉) မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးတို့က ပဲခူးမြစ်ကူးတံတား (ကဝ) တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား (ကဝ) သည် ကဝမြို့ရှောင်လမ်းပေါ်တွင် ၂၀၁၈ (၆) လနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၇၀၀ ဖြင့် အရှည်ပေ ၆၀၀၊ အကျယ်ပေ ၃၀၊ ပေ ၁၀၀ အခန်းခြောက်ခန်း၊ (၁ ဒသမ ၂) မီတာအချင်းရှိ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ် ထိပ်အုပ်နှင့် ကိုယ်ထည်၊ အပေါ်ထည် ပေ ၁၀၀ PC ရက်မ ခြောက်ခန်း၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းတို့ဖြင့် ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် တည်ဆောက်ရေးအဖွဲ့ (၃) တံတားအထူးအဖွဲ့ (၉)မှ စတင်တည်ဆောက်ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် လုပ်ငန်းခွင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်မှုပြီးစီးသွားပါက အုန်းနဲ့၊ သက္ကလ စသည့်မြို့များမှ လာရောက်ကြသော ရန်ကုန်တိုင်းဒေသကြီးသို့သွားရောက်မည့် မော်တော်ယာဉ်များ ကဝမြို့အတွင်း ဖြတ်သန်းသွားလာစရာမလိုတော့သဖြင့် မြို့တွင်း၌ ယာဉ်ကြောကျပ်တည်းပိတ်ဆို့ခြင်းကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးသို့လည်း လျင်မြန်စွာ ကုန်စည်စီးဆင်းပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဖားကန့်မြို့ သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများက အခမဲ့ ကုသပေး

**ဖားကန့် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ဖားကန့်မြို့ သီတဂူစက္ခုဒါနဆေးရုံတော်တွင် ဇန်နဝါရီ ၅ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ဒုတိယအကြိမ် မျက်စိအခမဲ့ခွဲစိတ်ကုသပေးရန်အတွက် မျက်စိခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာမိမိတင်နှင့်အဖွဲ့ဝင် ၁၇ ဦး၊ သံဃာတော်နှစ်ပါး စုစုပေါင်း ၁၉ ဦးတို့သည် ဖားကန့်မြို့နယ် ဆရာဝန်ကြီးများနှင့်အဖွဲ့ဝင် ငါးဦး၊ တပ်မတော်ဆရာဝန်နှင့်အဖွဲ့ဝင် ခြောက်ဦး၊ ကြက်ခြေနီအဖွဲ့နှင့် လူမှုကူညီရေးအသင်းများ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဇန်နဝါရီ ၅ ရက်တွင် မျက်စိဝေဒနာရှင် ၇၅၈ ဦး၊ အင်းတော်ကြီးဒေသမှ မျက်စိဝေဒနာရှင် ၂၃ ဦးနှင့် ဇန်နဝါရီ ၆ ရက်တွင် မြို့ပေါ် ငါးရပ်ကွက်မှ မျက်စိဝေဒနာရှင် ၅၁၁ ဦး စုစုပေါင်း ၁၂၉၂ ဦးတို့ကို လူနာမှတ်ပုံတင်ပေးနိုင်ခဲ့သည်။

ဇန်နဝါရီ ၆ ရက်အထိ လူနာ ၆၃၉ ဦးအား မျက်စိစမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ပေးကာ လူနာ ၆၁ ဦးကို မျက်စိခွဲစိတ်ခြင်း ဆောင်ရွက်နိုင်ခဲ့သည်။ မှတ်ပုံတင်ပြီး၍ မျက်စိစမ်းသပ်ရန် ကျန်ရှိနေသည့် ဝေဒနာရှင်များကို နောက်ရက်များတွင် ဆက်လက်စမ်းသပ်ခွဲစိတ်ကုသပေးသွားပြီး မျက်မှန်များကိုလည်း အခမဲ့ ပေးအပ်ခဲ့သည်။

သီတဂူအဓိပတိ မဟာနာယကဆရာတော် ဒေါက်တာအရှင်ဉာဏိဿရသည် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ကျောက်တိုင်ကွင်းတွင် ဇန်နဝါရီ ၇ ရက် ညကစပြီး လုံးခင်း၊ မော်စီစာ၊ ဆိပ်မူတို့၌ တစ်ညစီ တရားဓမ္မများ ဟောကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြတ်သူမင်း(ဥက္ကံ)**



# ကျိုင်းတုံပညာရေးစုံညီပွဲတော်တွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ကျိုင်းတုံ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့တော်ခန်းမ၌ကျင်းပရာ အခြေခံပညာကျောင်းများမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ အခြေခံပညာကျောင်းများမှ ဗဟိုအဆင့်၊ ပြည်နယ်အဆင့် စာပေစွမ်းရည်ပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ဆုရရှိခဲ့သည့် ကျောင်းသားကျောင်းသူများ၊ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများ၊ အားကစားထူးချွန်သူများ၊ လူရည်ချွန်များ၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဘာသာပြန်ဆုရရှိသူတို့အား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

# ဟိုပုံးတွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဟိုပုံး ဇန်နဝါရီ ၁၃**

ဟိုပုံးမြို့နယ် ဟိုပွေးကျေးရွာတွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အဆိုပါကျောင်းဆောင်သည် ပေ ၉၀×၃၀၊ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး နိပွန်ဖောင်ဒေးရှင်းမှ ပံ့ပိုးငွေကျပ် သိန်း ၄၄၀ ကျော်နှင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှု ၆၁ သိန်းကျော် စုစုပေါင်းကျပ်သိန်း ၅၀၈ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ပြီး ပေ ၂၀×၂၄ စာသင်ခန်းလေးခန်း၊ ပေ ၁၀×၂၄ ပေ ရုံးခန်းတစ်ခန်း၊ အလံတိုင်တစ်တိုင်၊ ငါးခန်းတွဲအိမ်သာတစ်လုံး၊ လေးပေပတ်လည်ရေလှောင်ကန်နှစ်လုံး၊ ဆရာစားပွဲ၊ ကုလားထိုင်လေးစုံ၊ ကျောင်းသားစာရေးစားပွဲ၊ ထိုင်ခုံ အစုံ ၄၀ နှင့် White Board လေးချပ်တို့ပါဝင်ကြောင်း သိရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့် ကျောင်းပေါင်း ၈၂ ကျောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းဆောင်ပေါင်း ၅၁ ဆောင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်ပေါင်း ၂၃ ဆောင်နှင့် ဝန်ထမ်းအိမ်ရာလေးလုံးတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၆၄ ကျောင်း အဆင့်တိုးမြှင့်ခဲ့ပြီး ထက်/လယ်/မူ ကျောင်းပေါင်း ၆၇၆ ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

၂၀၁၉ ခုနှစ်အောက်တိုဘာတန်းခွဲအတွက် ကျောင်းလျှောက်လွှာများလက်ခံနေပါပြီ။
ဂျပန်နိုင်ငံ NAGASAKI မြို့ ရှိ Metro IT Business College ကျောင်း၏
ဂျပန်ဘာသာဌာနတွင် ပညာသင်ယူနိုင်မည်ဖြစ်ပါသည်

1. ကျောင်းလခ အဆောင်လခ သက်သာခြင်း{ ဒုတိယမြောက်နှစ်တွင် ပညာသင်စရိတ်ထောက်ပံ့မှုအစီအစဉ်ရှိ }
2. ပညာသင်သွားရောက်ရန် ကျောင်းလျှောက်ထားမှုအတွက် (ဘာသာပြန်)ဝန်ဆောင်ခ အခမဲ့
3. ဘဏ်စာအုပ် ဖုန်း ကျန်မာရေးအာမခံကဒ်များ လိုက်ပါပြုလုပ်ပေးခြင်း
4. ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်နိုင်ရန် စီစဉ်ပေးခြင်း
5. NAGASAKI မြို့သည် ပညာသင်လာရောက်ကြသည့်ကျောင်းသားကျောင်းသူများအတွက် အေးချမ်းသာယာပြီး လုံခြုံအန္တရာယ်ကင်းသည့် မြို့တစ်မြို့ ဖြစ်ကာ မှုခင်းဖြစ်ပွားမှုနှုန်းလည်း အနိမ့်ဆုံးမြို့တစ်မြို့ ဖြစ်ခြင်း
6. Metro ကျောင်းသည် ရန်ကုန်မြို့၌လည်း ပညာသင်သွားရောက်ခြင်းနှင့် ပတ်သက်သည့် ဌာန ထားရှိသည့်အတွက် မိဘများအနေဖြင့် အစဉ်သဖြင့် ဆက်သွယ်ဆွေးနွေးတိုင်ပင်နိုင်ကာ ပညာသင်သွားရောက်နေစဉ်ကာလအတွင်း မိမိတို့သားသမီးများအတွက် စိတ်ပူပင်မှုမရှိအန္တရာယ်ကင်းစွာ ပညာသင်ယူစေနိုင်ခြင်း

ကျောင်းလျှောက်လွှာတင်ထားပြီးသောကျောင်းသားကျောင်းသူများအတွက်
N5-Level Speaking Class သင်တန်းကိုJune လတွင် အခမဲ့
ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပါတယ်။



19 , 26 January 2019 တွင် Seminar ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်

Date 12,26.January.2019 (Sat)
Time 11:00
Phone 01-372610, 09-262007800

| Class | Day | Period | Time | Starting |
|---|---|---|---|---|
| Study In Japan Course | Mon to Fri | 2 months | 9:00 to 4:00 | 28-January |

ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် Study In japan Course ကိုလည်းဖွင့်လှစ်ပါမည်။

METRO IT & Japanese Language Centre
Metro IT & Japanese Language Centre(Room No A,B,C,D),3rd Floor Kyaw Business Tower Condo, Pansodan Road, Yangon(ပန်းဆိုးတန်းလမ်းအလယ်ဘလောက် AYA Bankအနီး လှေကားဉလွှာ)
ဖုန်း 01-372610, 01-372691, 09-262007800
mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

# (၂၆)ကြိမ်မြောက် မြေသြဇာကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြေသြဇာကော်မတီ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြေသြဇာကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြေသြဇာကော်မတီ အတွင်းရေးမှူးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြေသြဇာလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဆွေးနွေးခဲ့ကြသည်။



**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

စံချိန်စံညွှန်းပြည့်မီပြီး အရည်အသွေးပြည့်ဝသော မြေသြဇာများကို သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သမဝါယမဦးစီးဌာန စသည့် ဆက်စပ်ဌာနများ၊ UMFCCI နှင့် ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ ဆောင်ရွက်ရန်ကိစ္စများကိုလည်းကောင်း၊ ဈေးကွက်အတွင်း မြေသြဇာစစ်ဆေးတွေ့ရှိချက် စိစစ်တင်ပြချက်များကိုလည်းကောင်း၊ သဘာဝမြေသြဇာပြုလုပ် သုံးစွဲရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လယ်ယာကဏ္ဍတွင် တောင်သူများအသုံးပြုလျက်ရှိသည့် စိုက်ပျိုးရေးသွင်းအားစု မြေသြဇာများအား စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြေသြဇာဆိုင်ရာ နည်းပညာကော်မတီမှ မှတ်ပုံတင်လက်မှတ်များ စိစစ်ထုတ်ပေးခဲ့ရာ မြေသြဇာတင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်ပေါင်း ၅၀၀၀ ကျော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

**အောင်မိုး**

# ထိပ်တန်းရုပ်သံလိုင်းများနှင့် ရုပ်ရှင်ဇာတ်ကားများကို စုံလင်စွာကြည့်ရှုနိုင်မည့် အက်ပလီကေးရှင်းသစ် မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁၃**

နိုင်ငံတကာတွင် ရေပန်းစားလျက်ရှိသော ထိပ်တန်းရုပ်သံလိုင်းများနှင့် ရုပ်ရှင်ဇာတ်ကားများကို စုံလင်စွာကြည့်ရှုနိုင်မည့် မိုဘိုင်းတီဗွီအက်ပလီကေးရှင်းသစ် Cookie TV ကို မြန်မာနိုင်ငံတွင် စတင် မိတ်ဆက်လိုက်ပြီး အဆိုပါ မိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

**ပြန်လည်ကြည့်ရှုနိုင်**

အဆိုပါ အက်ပလီကေးရှင်း သုံးစွဲသူများအနေဖြင့် နိုင်ငံတကာ ရုပ်သံလိုင်းများကို တိုက်ရိုက်ကြည့်ရှုနိုင်မည့်အပြင် ရုပ်ရှင်ဇာတ်ကားများကိုလည်း အချိန်မရွေး၊ နေရာမရွေး လွယ်ကူစွာ မိုဘိုင်းဖုန်းများဖြင့် ကြည့်ရှုနိုင်ပြီး သတင်း၊ အားကစား၊ ဂီတ၊ ဖျော်ဖြေရေး၊ ပညာရေးနှင့် ကလေးကဏ္ဍ စသည်တို့ စုံလင်စွာပါဝင်ပြီး ပြည်တွင်းရုပ်သံအစီအစဉ်များကိုလည်း ထည့်သွင်းပေးသွားမည်ဖြစ်သည်။ ထို့ပြင် သုံးစွဲသူများ၏အကြိုက် ရုပ်သံအစီအစဉ်များလွတ်သွားခဲ့လျှင် ပြန်လည်ကြည့်ရှုနိုင်ရန် Catch-up နည်းပညာကိုထည့်သွင်းပေးထားကြောင်း သိရသည်။

ရုပ်ရှင်ဝန်ဆောင်မှုကဏ္ဍတွင် တစ်ကားချင်း စိတ်ကြိုက်ဝယ်ယူကြည့်ရှုခြင်း Pay Per Movie နှင့် ရုပ်ရှင်ဇာတ်ကားများစွာကို စုစည်းထားသော Movie Album ဟူ၍ ပုံစံနှစ်မျိုးကို မိတ်ဆက်ပေးထားရာ နောက်ဆုံးပေါ် Hollywood ရုပ်ရှင်ဇာတ်ကားကောင်းများကို အင်္ဂလိပ်-မြန်မာစာတန်းထိုးများဖြင့် အခြားမိုဘိုင်းအက်ပလီကေးရှင်းများထက် အစောဆုံးကြည့်ရှုနိုင်မည်ဖြစ်သည်။

**အထူးအစီအစဉ်**

CookieTV app ကို iOS 10.0 နှင့်အထက် iPhone များအတွက် Apple App Store မှလည်းကောင်း၊ Android 4.4 Kitkat နှင့်အထက် မိုဘိုင်းဖုန်းများအတွက် Google Play Store မှ လည်းကောင်းရယူနိုင်မည်ဖြစ်ပြီး Facebook Account ဖြင့် လွယ်ကူစွာ Sign Up ပြုလုပ်နိုင်မည်ဖြစ်သည်။ စတင်မိတ်ဆက်သည့် အထူးအစီအစဉ်အနေဖြင့် download ပြုလုပ်၍ ယင်း Cookie များဖြင့် ရုပ်ရှင်ဝန်ဆောင်မှုများကို အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်သည်။

**အေးမင်းသူ**

တိုတိုထွာထွာဖတ်စရာ

## သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲ မြို့နယ်အဆင့်ဖြေဆို

**ညောင်လေးပင် ဇန်နဝါရီ ၁၃**

သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲ မြို့နယ်အဆင့် ရေးဖြေပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဉာဏ်ကြီးရှင်ပြိုင်ပွဲကို သန္တိသုခ ဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြုအသင်းကြီးက ကြီးမှူး၍ ပဲခူးမြို့၌ တိုင်းဒေသကြီးအဆင့် ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်အဆင့် ရေးဖြေပြိုင်ပွဲများကို မြို့နယ်အသီးသီးတွင် တစ်ပြိုင်နက် ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာမြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## ကင်းထောက်လူငယ်ကိုယ်စားလှယ်များ မွမ်းမံသင်တန်းဖွင့်

**ရန်ကုန်**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှကင်းထောက်လူငယ်ကိုယ်စားလှယ်များ အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (လမ်းမတော်) စွမ်းအားခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေနှင့် ကင်းထောက်ကြီးများ၊ သင်တန်းနည်းပြများနှင့် ကင်းထောက်လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံ ကင်းထောက်စခန်း၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်ထိ ကျင်းပမည့် Thailand National Rover Moot 2019 သင်တန်းကို တက္ကသိုလ်များနှင့် ကျောင်းများမှရွေးချယ်ထားသည့် ကျောင်းသား ၂၃ ဦး၊ ကျောင်းသူ ၁၀ ဦး တက်ရောက်မည်ဖြစ်ပြီးအမေရိကန်ပြည်ထောင်စုတွင် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၂ ရက်ထိ ကျင်းပမည့် 24th World Scout Jamboree 2019 သို့ တက်ရောက်မည့် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးအား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်၌ နိုင်ငံတကာအတွေ့အကြုံရှိ ကင်းထောက်ကြီးများနှင့် တက္ကသိုလ်ကင်းထောက်လူငယ်များက အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို စာတွေ့လက်တွေ့ နှစ်ရက်ကြာမျှ စခန်းသွင်း လေ့ကျင့်သင်ကြား ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်**



မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကော့ကရင်ကျေးရွာ၊ ကော့ထော်ကျေးရွာ၊ ကဒိုင်ကျေးရွာ၊ ဒေးကင်းကျေးရွာတို့မှ ပြည်သူများအား ဇန်နဝါရီ ၁၁ ရက်က သထုံခရိုင် ကညနရုံးမှ ဦးစီးမှူး ဒေါ်လှလှကြူ ဦးဆောင်သော ဝန်ထမ်းများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေး ဟောပြောခဲ့ပြီး ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြသည်။

**ခွန်(ဝင်းပ)**

အနုပညာသတင်း

# ယခုနှစ်အတွင်း ဂျပန်တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့် TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “TWICE”ဟာ ယခုနှစ်အတွင်း ဂျပန်တေးအယ်လ်ဘမ်သစ်ထွက်ရှိသွားဖို့ရာ စီစဉ်နေတာဖြစ်တာကြောင့် ယခုနှစ်ရဲ့ ပထမနှစ်ဝက်အတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။



အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၁ ရက်မှာ ထုတ်ဖော်ပြောကြားလာခဲ့တာကတော့ “TWICE” ရဲ့ ဒုတိယမြောက် ဂျပန်မီနီတေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် မတ် ၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း တစ်ပါတည်း ပြောကြားခဲ့ပါတယ်။

တေးအယ်လ်ဘမ်ရဲ့ အမည်ကိုတော့ “TWICE2” လို့ ပေးထားတာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ ပထမဆုံးသော ဂျပန်တေးအယ်လ်ဘမ်ရဲ့အဆက်လည်း ဖြစ်တယ်လို့ သိရပါတယ်။ အဖွဲ့ရဲ့ ပထမဆုံးသော ဂျပန်တေးအယ်လ်ဘမ်ကို ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇွန် ၂၈ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာပါ။ ဒီတေးအယ်လ်ဘမ်နဲ့ “TWICE” ဟာ စံချိန်တွေလည်း ချိုးနိုင်ခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့ချိန်မှာ အော်ရီကွန်နေ့စဉ်တေးအယ်လ်ဘမ်စာရင်းမှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် နံပါတ်(၁) နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး တေးအယ်လ်ဘမ်ပေါင်း ၂၅၀၀၀၀ ရောင်းချခဲ့ရကာ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

မကြာမီ ထွက်ရှိလာတော့မယ့် တေးအယ်လ်ဘမ်သစ်နဲ့အတူ “TWICE” ဟာ ဂျပန်မှာ တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်ဖို့ရာ စီစဉ်ထားပြီး ဖြစ်ပါတယ်။ ဂျပန်ရဲ့ မြို့ကြီး သုံးမြို့မှာ ဖျော်ဖြေပွဲ ပြုလုပ်သွားမှာဖြစ်ပြီး မတ် ၂၀ ရက်မှာတော့ အိုဆာကာ၊ မတ် ၂၉ နဲ့ ၃၀ ရက်တွေမှာတော့ တိုကျိုနဲ့ နောက်ဆုံးဖျော်ဖြေပွဲကိုတော့ နာဂိုယာမှာ လာမယ့် ဧပြီ ၆ ရက်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ကြယ်စင်ကောင်းကင် ခရီးသွားလုပ်ငန်း
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ထန့်ဆမ်း၊ ရွှေတော်ကာကူ၊ မိုင်းခေါ့တောင် (၄)ရက်။
▲ ပုပ္ပါး၊ ပုဂံ-ညောင်ဦး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ စလေ ........ (၄)ရက်။
▲ ပုပ္ပါး၊ ပုဂံ၊ ရွှယ်တော်လေးဆူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် ......... (၅)ရက်။
▲ အလောင်းတော်ကဿပ (သီးသန့်)၊ မင်းကွန်း၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံ ..... (၃)ရက်။
▲ အင်းတော်ကြီး၊ ရွှေမြဥ္ဇူ၊ ဇလုံတောင်၊ မြစ်ကြီးနား-မြစ်ဆုံ (၅)ရက်။ မိုးကုတ် ပါ (၇)ရက်။
▲ ထားဝယ်၊ ရှင်ကိုရှင်၊ မောင်းမကန်၊ ကမ်းခြေ၊ ပျော်ရစ်၊ ကျိုက္ကမီ၊ စက်စဲ ...... (၅)ရက်။
▲ လှိုင်ကော် (သီးသန့်)၊ ထီးဆဲခါးရေတံခွန်၊ (၁၂)ဌာန။ } သောကြာညသွား တနင်္ဂနွေပြန်
▲ မြဝတီ၊ မဲဆောက်၊ ဘားအံ .......... ဘုရားစုံ ။ } အပတ်စဉ် သောကြာနေ့တိုင်း
မန်းရွှေစက်တော်ဘုရားပွဲတော် သို့ ..... ကြိုတင်လက်မှတ်ရောင်းပြီ
Ph: 09-429254898, 09-444499654, 09-777799654

ပျောက်ဆုံးကြောင်း
ကနီမြို့နယ်၊ ဘုတ်ကုန်းကျေးရွာအုပ်စု၊ ပကားကျေးရွာနေ မောင်ဇော်ထက်လင်း [၅/ကနန(နိုင်)၁၂၂၇၉၄]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မောင်ဇော်ထက်လင်း ဖုန်း-၀၉-၄၅၇၆၃၈၈၀၀

RUBY ကားခန်းလုံးငှားသည်
09-51-77212, 519100, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၃၃၃၊ ၂၉၈၈၁၃) ၁၀၈၉ စီးယာဉ်များ Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။

09 4200 35882
09 4200 35884

ရွှေထူးလွှင်
09 450044494, 09 4500 44496

ရွှေထိပ်တန်း Ph:09-5403844, 09-5044830
• ပြည်၊ အကောက်တောင် 22000 • ရှင်သီဝလီခြေတော်ရာ၊ ဇယ်လဲရေတံခွန် 20000
• တောင်ငူ၊ သံတောင်၊ ပသိချောင်း၊ နော်ဘူဘောတောင်၊ မြတ်စောညီနောင် 30000
• ဘားအံဂူ(၅)ဂူ၊ ကျိုက်ထီးရိုး၊ ကျွဲထော်ရေတံခွန်၊ ချစ်သူမြိုင်ဥယျာဉ် 30000
• ဘားအံဂူ(၅)ဂူ၊ ဖော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ 35000

တက္ကသိုလ်ဝင်တန်း ကျောင်းသား ၊ ကျောင်းသူများအတွက်
မြန်မာနိုင်ငံဓာတုသိပ္ပံအသင်းနှင့် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ
ဆရာကြီး၊ ဆရာမကြီးများ ရေးသားပြုစုထားသော
၂၀၁၉ – ခုနှစ်
တက္ကသိုလ်ဝင်တန်း
ဓာတုဗေဒဂျာနယ်




| မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း | ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန | မာကျူရီစာပေ |
| --- | --- | --- |
| ၀၉၇၉၅၉၀၆၀၉၉ | ၀၉၅၀၁၆၄၅၀ | ၀၁-၃၈၃၆၀၃၊ ၃၈၃၃၉၄ |
| ၀၉၅၀၂၀၁၅၈ | ၀၉၅၀၃၃၁၀၁ | ၂၅၅၆၇၆၊ ၃၇၇၅၃၅ |

အာကာမိုး T-Shirt 650 950
တီရှပ်၊ စပို့ရှပ်ဖြန့်ချိရေးနှင့် တံဆိပ်ရိုက်လုပ်ငန်း
⇒ တီရှပ် 650/950/1150/1350/1850/2200
⇒ ကုမ္ပဏီ၊ ကျောင်း၊ ပရဟိတအသင်းယူနီဖောင်း စပို့ရှပ်များကို ကော်လံ၊ လက်စည်းအရောင်ပြောင်း၍ ချုပ်နိုင်ပါသည်။
Arr Kar Moe T Shirt Distribution PH : 09 454090685, 09 451655671

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## သတင်းကြေညာချက်(၁၂-၁-၂၀၁၉)

၁။ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇ ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြဋ္ဌာန်းခဲ့ရာ ဥပဒေ၏ အခန်း ၄ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန်အလို့ငှာ ကောင်စီကအသိအမှတ်ပြုထားသောဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာအရည်အချင်းများသတ်မှတ်ခြင်းပါဝင်ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ၂၆ တွင် ပြည်တွင်းပြည်ပရှိအင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီကအသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုကထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်ဟုဖော်ပြထားပြီး ကောင်စီသည် ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြု အင်ဂျင်နီယာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ အင်ဂျင်နီယာကောလိပ်နှင့်သိပ္ပံများ၊ နည်းပညာကောလိပ်နှင့်သိပ္ပံများမှ ထုတ်ပေးသည့်ဘွဲ့၊ ဒီပလိုမာများနှင့်ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းဌာနတစ်ခုခုကထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်များကို အသိအမှတ်ပြုထားပါသည်။

၃။ ကောင်စီဥပဒေ၏ အခန်း ၈ ပုဒ်မ ၂၀ မှ ၂၅ အထိ နှင့် နည်းဥပဒေ ၅၆ မှ ၆၀ အထိတို့တွင် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်ရယူပြီးနောက် မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ်ရယူခြင်း၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရယူပြီးနောက် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရယူခြင်းတို့ကို အဆင့်ဆင့်သတ်မှတ်ဖော်ပြထားပြီး နည်းဥပဒေ ၆၄ မှ ၆၇ အထိတွင် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူများ ဖြည့်ဆည်းရမည့် လိုအပ်ချက်များကို သတ်မှတ်ဖော်ပြထားပါသည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေနှင့် နည်းဥပဒေများ သက်တမ်းနုသေးသည့်ကာလများတွင် ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှသက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာရရှိပြီးနောက် ထိုက်သင့်သည့်လုပ်သက်အတွေ့အကြုံရရှိပြီးသူများ နစ်နာခြင်းမရှိစေရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် နည်းဥပဒေ ၆၈ ပါ ကင်းလွတ်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)၊ (၆/၂၀၁၆) နှင့် (၈/၂၀၁၆) တို့ကို ထုတ်ပြန်ပြီး ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာရရှိပြီးနောက် သတ်မှတ်လုပ်သက်ပြည့်မီပြီးသူများအား အင်ဂျင်နီယာအဆင့် လူတွေ့စစ်ဆေးပြီး အောင်မြင်သူများကို မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးခြင်း၊ စာမေးပွဲကင်းလွတ်ခွင့်အရည်အချင်းပြည့်မီသူများအား သတ်မှတ်လိုအပ်ချက်များ ဖြည့်ဆည်းစေပြီး ပြည့်မီအောင်မြင်သူများကို မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိပြီးနောက် သတ်မှတ်လုပ်သက်ပြည့်မီသူများအား သတ်မှတ်လိုအပ်ချက်များဖြည့်ဆည်းစေပြီး ပြည့်မီအောင်မြင်သူများကို မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ ၂၀၁၈ ဒီဇင်ဘာလ ၃၁ အထိ ကာလအတွင်း ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သက်ဆိုင်ရာနည်းပညာဒီပလိုမာ (AGTI) ရရှိပြီးနောက် သတ်မှတ်လုပ်သက်၊ သတ်မှတ်လိုအပ်ချက်များပြည့်မီအောင်ဖြည့်ဆည်းကာ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် အရည်အချင်းပြည့်မီသူ (၂၂၆၉) ဦး၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် အရည်အချင်းပြည့်မီသူ (၁) ဦးတို့အား မှတ်ပုံတင်လက်မှတ်များထုတ်ပေးပြီးဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သက်ဆိုင်ရာနည်းပညာဒီပလိုမာရရှိပြီးနောက် သတ်မှတ်လုပ်သက်၊ သတ်မှတ်လိုအပ်ချက်များပြည့်မီအောင် ဖြည့်ဆည်းပြီးသူများ မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် အသိအမှတ်ပြုလက်မှတ်များ အဆင့်ဆင့်ရယူနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော သက်ဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများ၏ ကြားနာစစ်ဆေးမှုများတွင်လည်း နိုင်ငံတော်က သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာနှင့်ဒေသတွင်း သဘောတူညီချက်များနှင့်မကွဲလွဲစေဘဲ ကောင်စီဖွဲ့စည်းပုံကို ပိုမိုဒီမိုကရေစီကျစေမည့် ပြုပြင်ပြောင်းလဲမှုများကိုသာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အကြံပြုဆွေးနွေးထားပြီး နည်းပညာဒီပလိုမာရရှိထားသူများ သတ်မှတ်လုပ်သက်၊ သတ်မှတ်လိုအပ်ချက်များပြည့်မီအောင် ဖြည့်ဆည်းပြီးနောက် မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် အသိအမှတ်ပြုလက်မှတ်များ အဆင့်ဆင့်ရယူနိုင်မည့်လမ်းကြောင်းကို ပြောင်းလဲစေမည့် မည်သည့်အကြံပြုဆွေးနွေးမှုကိုမျှ ပြုလုပ်ထားခြင်းမရှိကြောင်းအသိပေးကြေညာအပ်ပါသည်။

၈။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေသည် အများပြည်သူကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသဖြင့် ဥပဒေအရ ကန့်သတ်ထားသည့် အင်ဂျင်နီယာလုပ်ငန်းများကိုသာ သက်ရောက်မှုရှိပြီး အခြားအင်ဂျင်နီယာလုပ်ငန်းများကို သက်ရောက်မှုမရှိကြောင်းအတည်ပြုသိစေအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

Times City

# ကျေးဇူးတင်လွှာ

၂၀၁၉ခုနှစ်၊ဇန်နဝါရီလ(၁၂)ရက်နေ့ နှင့် (၁၃)ရက်နေ့တွင်ကျင်းပပြုလုပ်သော Crown Advanced Construction Co.,Ltd ၏ Times City Complex ရှိ Jewellery Mall နှင့် Times Mall ရှိ ရုံးခန်း၊ ဆိုင်ခန်းများငှားရမ်းမိတ်ဆက်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော

အစိုးရဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများအားလည်းကောင်း၊

အမေရိကန်သံရုံးမှ တာဝန်ရှိလူကြီးမင်းများအားလည်းကောင်း၊

သဘောတူစာချုပ်ချုပ်ဆိုသော

Hilton Yangon Hotel ၊

Performance Auto Co.,Ltd (Volvo Cars Myanmar) နှင့်

AGB Communication Co.,Ltd

တို့အား လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်ရှိပါသည်။

အခမ်းအနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဖက်ကုမ္ပဏီများ၊ဆိုင်ခန်းများလာရောက် ပူးပေါင်းဖွင့်လှစ်ပေးပါသောလုပ်ငန်းရှင်များ၊ပြပွဲရက်များအတွင်းဆိုင်ခန်းများ ဝယ်ယူ ငှားရမ်းအားပေးကြသောမိတ်ဆွေများ၊ ကြွရောက်ချီးမြှင့် ဂုဏ်ပြုပေးပါသော မိတ်ဆွေများအားလုံးကိုလည်း

Times City မိသားစု မှခင်မင်ရင်းနှီးစွာဖြင့်

အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

Tokyo Pipe
Ngwe Zin Yaw
Myat Noe Thu
Citicom

Shwe Yone 925
Morning Glory 925
ဇမ္ဗူလင်းစိန်ရွှေရတနာ
ခမ်းလီစိန်ရွှေရတနာ
ပါဝါစိန်ရွှေရတနာ
Girl Armour
Plus Nine Five
Basin International
Black Out
Waiza Yandar Learning Centre
Lala.com.mm,Studio
SR Worlding Consulting co.,Ltd
Speak Up Myanmar
Brighter
Apex
My Cakery
Little Yangee

SHEW Pop Corn
MIKUCHA
Min Min
Myanmar Greaterst Lighting
Lucky man
Mother Industry
Service Master
Noti Stationary
Bio Cosmetic
စိန်စားသောက်ဖွယ်
အာဓရာဂျ် / အကာယ်ဒမိ
သုခပြည့်စုံ
ရွှေထိပ်ထား

Times City

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် ချစ်သမီးကြီး **သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး** (မန်နေးဂျင်းဒါရိုက်တာ-မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်) အား **"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"**ဘွဲ့ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုအားလုံးမှ အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်လာမည့် ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုများနှင့်အတူ နိုင်ငံနှင့်လူမျိုးအကျိုး၊ ဘာသာသာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း အထူးလှိုက်လှဲဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဖေဖေနှင့်
ချစ်မေမေ - သီဟသုဓမ္မဇောတဓရ ဦးငွေရှိန်-ဒေါ်တင်မြင့် (ယုန်ညီနောင် ဆေးပေ့လိပ်လုပ်ငန်း)၊ ပဲခူးမြို့။

ချစ်မောင်/
ချစ်ညီမများ - ဦးအောင်ဇော်မိုး-Dr.နီနီကျော်
- ဦးအောင်အောင်-ဒေါ်မြင့်မြင့်ရှိန် (သိကြားမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း)၊ ပဲခူးမြို့။




စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ ရှိသည်။ ကြော်ငြာထားသည့် လေယာဉ်နှုန်းများထဲတွင် အခွန်များ နှင့် အပိုဆောင်းခများ ပါဝင်ပြီး ဖြစ်သည်။ ၂၀၁၉ စက်တင်ဘာ ၃၀ ရက် မတိုင်မီ ပြည်ပ ခရီးထွက်ရန် ၂၀၁၉ ဇန်နဝါရီ ၂၈ ရက် မတိုင်မီ မှာယူခဲ့သည့် လက်မှတ်များ အတွက် ချိုသာသော စျေးနှုန်းများ ရှိမည်။

Konica ချောစု Wedding Dress Photo Studio



သရုပ်ဆောင် - ဇေရဲထက်

မင်္ဂလာ ဓါတ်ပုံ ၊ ဝတ်စုံ ၊ မိတ်ကပ်

ဘွဲ့ ဓါတ်ပုံ ၊ ဝတ်စုံ ၊ မိတ်ကပ်

* အမှတ် (၇၀) ၊ လမ်းမတော် လှည်းတန်းလမ်း ၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း- 225084

* အမှတ် (၃၆) ၊ လှည်းတန်းမီးပွိုင့်အနီး ၊ ရန်ကုန်အင်းစိန်လမ်းမ ၊ ကမာရွတ် ။ ဖုန်း- 52 5314

## ဝန်ထမ်းများ အမြန်အလိုရှိပါသည်

**အမှတ်(၁၆၇)၊ လမ်းမတော်လမ်း ကုမ္ပဏီရုံးတွင် တာဝန်ထမ်းဆောင်ရန်-**

၁။ အရောင်းမန်နေဂျာ (ဘွဲ့ရ) ကျား/မ(၃)ဦး
(၄၀)နှစ်အောက်၊ အရောင်းလုပ်ငန်း အတွေ့အကြုံ (၅)နှစ်။

၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား (၂)ဦး
(၃၅)နှစ်အောက်၊ ရုံးလုပ်ငန်းအတွေ့အကြုံ(၃)နှစ်။

**လှိုင်သာယာစက်မှုဇုန်(၁)ရှိ စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်-**

၁။ ဓါတ်ခွဲခန်းကျွမ်းကျင် BE/ME (Chem:)/B Sc (IC/Chem:)ကျား/မ (၂)ဦး
စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ။

၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား (၃)ဦး
(၃၅)နှစ်အောက်၊ စက်ရုံကုန်ထုတ်လုပ်မှုအတွေ့အကြုံ(၃)နှစ်။

၃။ စာရေး ဘွဲ့ရ ၃၅ နှစ်အောက်၊ အတွေ့အကြုံ(၂)နှစ် ကျား/မ (၅)ဦး

၄။ စက်မှုအင်ဂျင်နီယာ BE/AGTI (Mech:) ကျား (၂)ဦး
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်။

၅။ မော်တော်ယာဉ်စက်ပြင် (၄၅ နှစ်အောက်) ကျား (၁)ဦး
(ကားကြီး/သေးပြုပြင် အတွေ့အကြုံ(၃)နှစ်ရှိသူ)

၆။ စက်မောင်း Operator ကျား (၃)ဦး
(၄၀)နှစ်အောက်၊ အတွေ့အကြုံ(၃)နှစ်။

၇။ သံဖြူကျွမ်းကျင် (၄၀ နှစ်အောက်) ကျား (၁)ဦး

၈။ ယာဉ်မောင်း (၇တန်ကား) ကျား (၂)ဦး
၄၀ နှစ်အောက်၊ လိုင်စင်အနီ၊ အတွေ့အကြုံ(၃)နှစ်

၉။ လုံခြုံရေး (၄၀ နှစ်အောက်) ကျား (၂)ဦး

**ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်ရှိ စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန်-**

၁။ စက်ရုံမန်နေဂျာ ကျား (၃)ဦး
၄၅ နှစ်အောက်၊ဘွဲ့ရ၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၅)နှစ်ရှိသူ

၂။ ဒုတိယမန်နေဂျာ ကျား (၃)ဦး
၄၀ နှစ်အောက်၊ဘွဲ့ရ၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၃)နှစ်ရှိသူ

၃။ စာရေး ဘွဲ့ရ ၃၅ နှစ်အောက်၊ အတွေ့အကြုံ(၂)နှစ် ကျား/မ (၅)ဦး
(နယ်အတွက် စရိတ်ငြိမ်း စီစဉ်ပေးမည်)

လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ အမှတ်(၁၆၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်သို့ ဖေဖော်ဝါရီလ(၉)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
(နယ်လျှောက်ထားမှုအတွက် စာတိုက်မှတစ်ဆင့်ပေးပို့ လျှောက်ထားနိုင်ပါသည်။)

**(အရည်အချင်းနှင့်အတွေ့အကြုံပေါ်မူတည်၍ လစာကောင်းပေးမည်။)**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ လိပ်ကန်အိမ်ရာ၊ (Tower A)၊ (၈ ထပ်တိုက်၏ 3rd Floor)၊ အခန်းအမှတ် (၃၀၂)၊ (Type-B)၊ အကျယ်အဝန်း (၁၅၆၃) စတုရန်းပေခန့်ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့် အားလုံးတို့ကို တရားဝင် လက်ဝယ်အမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လီစွန်စိုး(၁၃/ကလတ(နိုင်)၀၂၂၈၂၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာ ထုတ်သည့်နေ့မှစ၍ (၇)ရက် အတွင်း တရားဝင်ခိုင်မာသော စာချုပ်စာတမ်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များ ဖြင့်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေ နှင့် အညီဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နန်းညွှန့်မွန်ဦး
(LL.B , Dip in Bussiness Law , Dip in Int' l Law)
အထက်တန်းရှေ့နေ ( စဉ် - ၄၅၅၁၀ )
Phone: 09 788 828282, 09 788 838383
အမှတ်(၇၀/A)၊ကမ္ဘာအေးဘုရားလမ်း၊ ကိုယ်မင်းကိုယ်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀ရာစုမှ ၂၁ရာစုအထိ သာသနာ့နွယ်ဝင်သီလရှင်များအားလုံးကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပေးပါသော သီလရှင်များအားလုံး၏ သာသနာ့ဖခင်ကြီး **ဦးအောင်သန်းစိန်**အား နိုင်ငံတော်မှ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထိုက်တန်စွာထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါတယ်။

**ဒေါ်ယုစန္ဒာ(သဒ္ဓမ္မ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)**
**စန္ဒာရာမသီလရှင်စာသင်တိုက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

သာသနာ့ဒါယကာကြီး၊ သီလရှင်များ၏ဖခင်ကြီး **ဦးအောင်သန်းစိန်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးမှ ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်ဆင့်ရရှိသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကီလောကုတ္တရာကျိုးနှစ်ဖြာကို ဆတက်မက ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**သုဇနကာရီသီလရှင်စာသင်တိုက်**
**ကျုံပျော်မြို့၊ ညောင်ပင်သာ(၃)လမ်း၊ အောင်ဆန်းရပ်ကွက်**

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အဲတာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

ယာဉ်ခုနှစ်နံပါတ်များဝယ်မည်
ရဲမင်းထွန်း
50/51 - 210000Ks
55/500 - 250000Ks
Ph: 09-5050261
09-5404596

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက်အမှတ်-၃၀၅၊ မြေဧရိယာ ၃၃၀၀ စတုရန်းပေ၊ အတိုင်းအတာ(ပေ)(၄၀×၈၀/၈၅) မြေကွက်တည်နေရာအမှတ်-၃၀၅၊ ဇမ္ဗူသီရိ(၉)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရင်ရင်(ခ)ရှာရှုဝါ[၁၂/သကတ(နိုင်)၁၂၆၇၃၉]အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဒေါ်ရင်ရင်(ခ)ရှာရှုဝါအမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ဘဏ်ချေးရန်မြေပုံကူးလျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်အရ ၂၀၀၉ ခုနှစ်တွင် GP ဒေါ်စန်းစန်းကြည်မှ ဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းနှင့် ပတ်သက်၍ ဘဏ်ချေးရန်မြေပုံမြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်တွင်မျှ အာမခံပစ္စည်းအဖြစ်ထားရှိကာ ဘဏ်ငွေချေးယူခဲ့ရခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်း ၁၄-၁၁-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သာသနာ့ဖခင်ကြီးသို့ ဝမ်းမြောက်လွှာ

၂၀၁၉ရဲ့ ထပ်ဆင့်ဘွဲ့ရရှိသော သာသနာ့ဖခင် ဒါယကာကြီး **ဦးအောင်သန်းစိန်**အား နိုင်ငံတော်မှချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရ**ဘွဲ့ ရရှိကြောင်း သိရ၍ (စန္ဒဝတီ) သမိဒ္ဓေါဒယ ဓမ္မဝါဒီ သီလရှင်စာသင်တိုက် ဆရာကြီး၊ ဆရာလေးများမှ ဝမ်းမြောက်ဂုဏ်ယူပါသည်။ သာသနာတော်ကြီးကိုလည်း ဆတက်ထမ်းပိုးတိုး၍ ချီးမြှောက်နိုင်ပါစေ။

**(စန္ဒဝတီ) သမိဒ္ဓေါဒယ ဓမ္မဝါဒီ သီလရှင်စာသင်တိုက်**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

သာသနာ့ဒါယကာကြီး၊ သီလရှင်များ၏ဖခင်ကြီး **ဦးအောင်သန်းစိန်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးမှ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်ဆင့်ရရှိသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကီလောကုတ္တရာကျိုးနှစ်ဖြာကို ဆတက်မက ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**သမိဒ္ဓေါဒယမင်းဘူးသီလရှင်စာသင်တိုက်**
**ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

သာသနာ့ဒါယကာကြီး သီလရှင်များ၏ ဖခင်ကြီး **ဦးအောင်သန်းစိန်**အား မြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၉ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် ထိုက်ထိုက်တန်တန် **သီဟသုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်ကို ထပ်ဆင့်ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် အမြင့်ဆုံးဖြစ်သော (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဘွဲ့တံဆိပ်ကိုလည်း အမြန်ဆုံးရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**သမိဒ္ဓေါဒယ သုခိတာရာမတိုက်သစ်**
**အမှတ်(၄)ရပ်ကွက်၊ မြန်အောင်မြို့**

iGREEN
PRESS PILEရိုက်သည်
09-428 015 692

iGREEN
PAEဖြင့် ဆောက်လုပ်ပေးမည်

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာ့အေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဗန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သာသနာ့ဒါယကာကြီး၊ သုဓမ္မမဏိဇောတဓရ **ဦးအောင်သန်းစိန်**အား နိုင်ငံတော်အစိုးရမှ ၂၀၁၉ခုနှစ် လွတ်လပ်ရေးနေ့တွင် **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထပ်မံဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျန်းမာချမ်းသာစွာနဲ့ အသက်ရာကျော်ရှည်ပါစေ၊ စီးပွားဥစ္စာတိုးတက်ပါစေ၊ နိုင်ငံအကျိုး ဘာသာ သာသနာအကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**ဒေါ်မေဓာသီဂီနှင့်တပည့်များ**
**သမိဒ္ဓေါဒယဇေတဝန်သီလရှင်စာသင်တိုက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)**

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

ခြံရောင်းမည်
၁။ မဟိုးရိပ်ကျောင်းလမ်းသွယ်(၃)၊ (၉)မိုင်၊ မရမ်းကုန်း ၈၅'/၇၀' × ၈၅'/၇၂'
ဘိုးဘွားပိုင်မြေ - ရေ/မီး ပြည့်စုံပြီး ဈေးနှုန်း (၇၅၀၀)သိန်း။
၂။ အောင်ဇေယျာလမ်း(၁၀)မိုင်၊ ၅၇'/၅၇' × ၈၀'/၇၀'
နှစ်(၆၀)ဂရန်မြေ - ရေ/မီး ပြည့်စုံပြီး ဈေးနှုန်း (၄၅၀၀)သိန်း
ဖုန်း - ၀၉၅၄၀၃၁၁၃၊ ၀၉၉၆၅၄၀၃၁၁၃

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၉ ခုနှစ်(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် နေပါလီ/ဂေါ်ရခါး ဓမ္မသာလာ၊ မန္တလေး၏ နာယကကြီး **ဦးနန္ဒ**အား **အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ**ဘွဲ့ကို နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် မိပါကြောင်း၊ အနာဂတ်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုးဘာသာ၊ သာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**နေပါလီ/ဂေါ်ရခါးဓမ္မသာလာ**
**အကျိုးဆောင်ဂေါပကအဖွဲ့**
**မန္တလေးမြို့**

# ဒေါက်တာအေးကျော်★

ပုန်း- ၀၉၅၁၃၇၅၂၆။

တပြည်လုံးအခမဲ့အိမ်အရောက်ပို့
၀၉၉၆၉၉၉၈၅၀၀(ရုံးချိန်)

ရေးသားသော

(Facebook-ဒေါက်တာအေးကျော်ဘဝတက်လမ်းစာပေ)တွင်လေ့လာနိုင်ပါသည်။

- ★ စီးပွားပျက်နေသောအမေရိကန်ကို ကမ္ဘာ့ပြိုင်ဖက်ကင်း နိုင်ငံဖြစ်လာအောင် စွမ်းဆောင်ပေးခဲ့သူ အောက်ပိုင်းသေနေသောမဟာလူသား၏အဂ္ဂဗျူဟာ။
- ★ ကမ္ဘာ့အရိုးသားဆုံးနိုင်ငံရေးသမား(၁၀)ဦးတွင်နံပါတ်(၁)ချိတ်သောမြန်မာ့ခေါင်းဆောင်တစ်ဦး။
- ★ နိုင်ငံရေး၊စီးပွားရေး၊ ပညာရေးနယ်ပယ်သုံးခုလုံးတွင် နံပါတ်(၁)အဆင့် အောင်မြင်ထားသူ၏ စိတ်ဝင်စားဖွယ် (၁၃)ပတ်တာ အမူအကျင့်ပြောင်းလဲရေးနည်းလမ်း။
- ★ ဦးနှောက်၏ဘရိတ်စနစ်ကို ထိန်းသိမ်းမွမ်းမံခြင်းနှင့် NEUROLEDERSHIP သင်ခန်းစာများ။
- ★ အဆင့်မြင့်စက်ရုပ်များကိုအသက်သွင်းပေးသောရိုးရှင်းသည့်စိတ်ပညာဖော်မြူလာဖြင့် သမ္မတကြီးဖြစ်လာခဲ့သူဒေါ်နယ်ထရမ့်- အစရှိသောလူတိုင်းအလွယ်တကူလိုက်နာကျင့်သုံး နိုင်ပြီးသေချာပေါက် အောင်မြင်မည့်ကျင့်စဉ်များကိုသာရွေးချယ်ဖော်ပြထားသော-

## ခကြာဝဋ္ဌာ၏အောင်မြင်ရေးဥပဒေသ(၈)ရပ်

[ဘဝနှင့်အောင်မြင်ရေး(၁)]

ထွက်ပြီ-၄၀၀၀ိ

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ (၈/၁)တိုးချဲ့ခိုင်ရွှေဝါလမ်း၊ အမှတ်(၂၃၅)၊ လက်ငုတ်အမည်ပေါက် ဒေါ်ခင်လှိုင်(HGU-၀၀၀၂၂၄] ကိုင်ဆောင်သူထံမှ ဦးစိုးမြင့်ဝယ်ယူပြီး ဦးစိုးမြင့်ထံမှ ကျွန်မ ဒေါ်ရီရီသန်း [၁၂/လမန(နိုင်)၀၃၆၁၅၄] ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူအပြီးအပိုင်စာချုပ်ဖြင့် ဝယ်ယူထားသော ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေနှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ ပေါင်နှံထားခြင်း၊ အခကြေးငွေယူ၍ မြေငှားရမ်းထားခြင်း၊ (GP/SP)ပေးထားခြင်း၊ လက်လွှဲမည်သူကိုမှ ရောင်းချထားခြင်း လုံး၀(လုံး၀)မရှိပါ။ ကန့်ကွက်လိုသူများရှိပါကလည်း ကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းဖြင့်တကွ လူကိုယ်တိုင်သော်လည်းကောင်း အောက်ဖော်ပြပါဖုန်းနံပါတ်မှလည်း တစ်ဆင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရီရီသန်း**
**[၁၂/လမန(နိုင်)၀၃၆၁၅၄]**
**ဖုန်း-၀၉-၉၆၆၁၈၃၈၃၇**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ သာယာလမ်း၊ အမှတ်(၇၇)ဦးပိုင် ၄၃၊ ဧရိယာ ၀. ၄၄ ဧက၏ တစ်စိတ် တစ်ဒေသမြေကွက်ကိုစာချုပ် အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလိုစီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဒေါ်ညိုညို ဇင်နွယ်ထွန်း [၁၁/သတန(နိုင်)၀၄၉၁၅၀]ပိုင်ကိုင်ဆောင်ထားသူထံမှ ကျွန်ုပ်အပြီးသတ် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများ ရှိပါက ကန့်ကွက်ရန်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်ဝင်း**
**[၁၂/ဗဟန(နိုင်)၀၇၃၈၂၆]**
**အမှတ်-၅၃၄၊ အင်းတော်လမ်း၊ (၆၄)ရပ်ကွက်၊**
**တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

### အမြန်ရောင်းမည်

၁။ သယ်န်းကျွန်း၊ ရတနာသုခလမ်း
၁၄ × ၅၀ ပေ၊ မြေညီထပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး
၂။ သန်လျင်၊ Star City၊ Zone B-3၊ 1261 Sqft
ဆက်သွယ်ရန် – 09-780 212 707

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ (၈/၁)တိုးချဲ့ခိုင်ရွှေဝါလမ်း၊ အမှတ်(၂၂၁)လက်ငုတ်အမည်ပေါက် ဦးထွန်းရီ(TRY-၀၆၉၉၅၁) ကိုင်ဆောင်သူထံမှ ဦးကျော်ကျော်ဝယ်ယူပြီး ဦးကျော်ကျော်ထံမှ ကျွန်တော် ဦးတင်သဏ်းဝင်း[၁၂/လမန(နိုင်)၀၃၈၈၀၅]ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူအပြီးအပိုင်စာချုပ်ဖြင့် ဝယ်ယူထားသော ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေနှင့် ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ ပေါင်နှံထားခြင်း၊ အခကြေးငွေယူ၍ မြေငှားရမ်းထားခြင်း၊ (GP/SP)ပေးထားခြင်း၊ လက်လွှဲမည်သူကိုမှ ရောင်းချထားခြင်းလုံး၀(လုံး၀)မရှိပါ။ ကန့်ကွက်လိုသူများရှိပါကလည်းကြေညာသည့်ရက်မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းဖြင့်တကွ လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှလည်းတစ်ဆင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်သဏ်းဝင်း[၁၂/လမန(နိုင်)၀၃၈၈၀၅]ဖုန်း-၀၉-၇၇၉၂၂၀၃၂၄**

### မေတ္တာဖြင့်ပေးအပ်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B5)၊ အခန်းအမှတ် (၁၂၀)၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ အမည်ပေါက် ဒေါ်သီ [၁၃/လလန(ပြ) ၀၀၀၁၈၀]မှ ဒေါ်ငယ် [၁၃/လလန(ပြ)၀၀၀၁၇၅] သို့ အဆိုပါတိုက်ခန်း၏အကျိုးခံစားခွင့်အားလုံးကို မေတ္တာဖြင့်ပေးအပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့တိုက်ရိုက် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူများမရှိပါက လုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီ**
**[၁၃/လလန(ပြ)၀၀၀၁၈၀]**
**ဖုန်း-၀၉-၄၅၉၁၁၉၂၈၃**



## ဦးထွန်းကြွယ်
## အသက်(၈၇)နှစ်
### (သုဝဏ္ဏမြို့)
### မြန်မာ့လေကြောင်း(စက်မှု-ငြိမ်း)

(ဦးဘကျော်-ဒေါ်သဲဝါ)တို့၏ သား၊ (ဦးလွန်းခင်-ဒေါ်သိန်းတင်)တို့၏ သား သမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ အမှတ်(၂၃)၊ ကျွန်းရွှေမြိုင်(၅)လမ်းနေ (ဒေါ်ခင်ညို)၏ခင်ပွန်း၊ ဦးကိုကိုလတ်-ဒေါ်နီနီတင်၊ (ဦးဇော်မင်း)-ဒေါ်အေးအေး၊ ဦးဝဏ္ဏထွန်း-ဒေါ်စမ်းစမ်းမော်၊ [ဦးသန်းငွေ (ဒုအရာခံဗိုလ် ပ ထ ပ-ပဲခူး)]-ဒေါ် ဥမ္မာစိုး၊ (ဒေါ်ဥမ္မာကြွယ်)၊ (ဦးဇော်မျိုး)-ဒေါ်အေးသူဇာကြွယ်(Y.P.I)၊ ဒေါ်ထွေး ထွေးကြွယ်(ဆောက်လုပ်ရေးလမ်း/တံတား)တို့၏ ဖခင်သည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက် ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဝေ
### (ပန်းမြို့တော်မျိုးစေ့ရောင်းဝယ်ရေး)
## အသက်(၈၄)နှစ်

မြောင်းမြမြို့နေ (ဦးကြာမန်း-ဒေါ်သန်းကြည်)တို့၏ သား၊ ပြင်ဦးလွင်၊ ရေချမ်းအိုးနေ (ဦးတင်လှ-ဒေါ်သန်းတင်)တို့၏ သားသမက်၊ မြောင်းမြမြို့နေ (ဦးကြီးဟုတ်)၊ (ဦးရင်မောင်)-ဒေါ်ရေရှု၊ ဒေါ်ကျင်တီ (လမင်းတရာ-ဂျုံခေါက်ဆွဲ)တို့၏ ညီ/မောင်၊ အမေရိကန်နိုင်ငံနေ ဦးမြင့်ဝေ-ဒေါ်ရင်ကြည်၊ ရန်ကုန်မြို့၊ အေးရိပ်မွန်အိမ်ရာနေ ဦးသိန်းဝေ-ဒေါ်ခင်လှကြည် တို့၏ အစ်ကို၊ ဒေါ်ခင်မြဝေ၊ ဦးသန်းနိုင် (DM, Dagon Golf City)-ဒေါ်စီစီမိုး၊ (ဦးတင်စိုး)-ဒေါ်စန်းစန်းဝေ (ပန်းမြို့တော်မျိုးစေ့ဆိုင်၊ မြနန္ဒာဈေး)၊ ဦးမိုးကျော်-ဒေါ်ဥမ္မာဝေ၊ (ဦးဇော်မင်းဦး)-ဒေါ်ရှယ်လီဝေ၊ (မနှင်းအေးဝေ)၊ ဦးအောင်ဖြိုးဝေ-ဒေါ်သော်တာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီး၊ ၃/၁၈၆(ခ)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်နေ [ဒေါ်ချယ်ရီ(ခ)ဒေါ်မြကြည်]၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၁-၂၀၁၉ ရက် ညနေ ၃း၃၅ နာရီတွင် ကွယ်ကဘောအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်သန်း
## အသက်(၇၄)နှစ်

မန္တလေးမြို့နေ ဦးဇော်ဝင်းသန်း (ကမ္ဘာ့ရတနာဘဏ်)-ဒေါ်မာလာသန်းတို့၏ဖခင်ဖြစ်သူ ဦးမြတ်သန်း (၇၄)နှစ်သည် ၁၂-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS 97 မှ သူငယ်ချင်းများ**

## ဦးတင်ရှိန်
### အရာခံဗိုလ်(ငြိမ်း)၊ တပ်မတော်ပညာရေး
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ်(၈) တကောင်းလမ်းနေ (ဒေါ်တင်စိန်)၏ ခင်ပွန်း၊ ဦးကြည်စိုး-ဒေါ်အိအိချို (မြန်မာ့အာမခံလုပ်ငန်း)၊ ဦးအောင်ကြည်တိုး(ပြန်ကြားရေး မ/မ)-ဒေါ်လဲ့လဲ့ဝင်း(ဘဏ္ဍာရေး၊ မ မ)၊ (ဦးကျော်မိုး)-ဒေါ်ဆွေဆွေဝင်းရှိန်(ဗဟိုဘဏ်)၊ ဦးစိုးသိန်းအောင်(Y.C.D.C လမ်း/တံတား)-ဒေါ်ချိုချိုဝင်းရှိန်၊ ဦးညီညီအေး-ဒေါ်ခိုင်ခိုင်အေး၊ ဦးတင့်လွင်-ဒေါ်ရီရီဝင်းရှိန်၊ ဦးမျိုးသန့်လွင်-ဒေါ်ဇာဇာနှင်းတို့၏ မွေးသဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် (SAKURA)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်ဝင်း
## အသက်(၄၈)နှစ်
**B.E (Textile), Dip in Civil, Dip in Building D.B.L, D.M.L, Dip in Applied Psychology**

ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ နဝရတ်လမ်း၊ အမှတ်(၄၂)နေ (ဒု-ဗိုလ်မှူးကြီး Dr. ခင်ဝင်း)-ဒေါ်မြင့်မြင့်မော်တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကန်လမ်း၊ အမှတ်(၁၅/က)နေ ဦးမင်းသူ-ဒေါ်ကလျာစိုးရင်တို့၏ သားသမက်၊ ဒေါ်အိနန္ဒာလင်း(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရှင်းသန့်ကြည်လင်၏ ချစ်လှစွာသောဖခင်သည် ၁၃-၁-၂၀၁၉ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သောကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ

**အရက်သောက်သုံးခြင်းကြောင့်-**

- အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း
- သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း
- နှလုံးရောဂါဖြစ်ခြင်း
- ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း
- ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်းတို့ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အရက်သောက်သုံးမှုကိုရှောင်ကြဉ်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး
## ဦးတင်ရွှေ(ဒါးပိန်) (၉၃)နှစ်
### မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ အလုံ(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၁)လမ်း၊ အမှတ်(၇၆၀)၊ မြေညီထပ်နေ (ဦးအုန်းစိန်-ဒေါ်သိန်းတင်)တို့၏ သား၊ (ဦးအောင်သိန်း-ဒေါ်ဂွမ်း)တို့၏သားသမက်၊ ဒေါ်စောမှီ၏ခင်ပွန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေး၊ ဦးတင်အောင်-ဒေါ်တင်တင်လတ်၊ ဦးသီဟန်-ဒေါ်သူဇာထွန်း၊ ဦးသောင်းသီ-ဒေါ်ခင်ခင်သီ၊ ဒေါ်လှလှအေး၊ ကိုဇော်လင်းအောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၁၉ (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တ/ဥနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၈-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းရီ (သံတွဲ)
## အသက်(၈၈)နှစ်
### အင်းစိန် G.T.I 1st Batch
### အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း

သံတွဲမြို့နေ (ဆရာကြီးဦးချစ်စအောင်-ဒေါ်ပိုးနု)တို့၏ သား၊ (ကျောက်တော် ဦးကျော်ဖုံ၊ ဒေါ်မနီ)တို့၏ သားသမက်၊ (ဒေါ်တင်တင်)၊ ဒေါ်ကြည်ကြည်တို့၏မောင်၊ ဦးထွန်းကြည်၊ (ဒေါ်ထွားမေ)တို့၏ အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အမှတ်(၈၀၆)နေ ဒေါ်အေးနုယဉ်၏ ချစ်လှစွာသော ခင်ပွန်း၊ [ကိုမောင်မောင်သန်း (R.I.T)]၊ ဦးမောင်မောင်စန်း (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်/လယ်ယာ စီးပွားကူးသန်းဝန်ကြီးဌာန)-ဒေါ်ဖြူဖြူအောင်၊ ဦးကျော်ကျော်လှိုင်-ဒေါ်ခင်အေးရီ (အမက-၁၆၊ ဒဂုံမြောက်)၊ ဒေါ်သဇင်ဖြူ (MCC Noble College)၊ ဦးဝင်းမောင်-Mrs.Ng Hai Yan တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်ကျော်စန်း (CB Bank)-မဖူးမိုမိုသက်(MPT)၊ မနုသဇင်စန်း၊ Win Khine Yi၊ Win Khine Shin တို့၏ အဘိုး ဦးထွန်းရီသည် ၁၃-၁-၂၀၁၉ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးလှကြည်(ဒိုက်ဦး)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကရပ်ကွက်နေ ဒေါ်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းစိန်-ဒေါ်တင်တင်ငွေ (အလယ်တန်းပြ-ငြိမ်း)၏အစ်ကို၊ ဗိုလ်မှူးကြီးငွေလွင်(ငြိမ်း)-ဒေါ်သီတာစိန် (အလယ်တန်းပြ-ငြိမ်း)၊ ဦးအေးလွင်၊ ဦးထွေးမောင်မောင်(အကောက်ခွန်အရာရှိ-ငြိမ်း)-ဒေါ်သန္တာလွင်၊ (ဦးကြည်ဝင်း-ဒေါ်ဥမ္မာလွင်)၊ (မောင်အောင်ကျော်ကျော်လွင်)၊ မောင်ညီညီလွင်-မခင်ရီ(ဝင်းသီရိ ဖိနပ်ဆိုင်)တို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁၂-၁-၂၀၁၉(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ထွေး
### (တပ်မတော်-ငြိမ်း/အုပ်ချုပ်ရေးမှူး-ငြိမ်း၊ ရွှေနံ့သာ)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ ပတ္တမြားမြို့သစ်၊ ဇဗ္ဗူရာဇ်လမ်း၊ အမှတ်(၇၇)နေ (ဦးထွန်းခင်-ဒေါ်ရွှေမှဲ့)တို့၏ သားငယ်၊ (ဦးကျော်ဆွေဝင်း)၊ အရာခံဗိုလ်သိန်းတန်(ငြိမ်း)-ဒေါ်နုနုဝင်း၊ ဗိုလ်မှူးကြီးလွင်ငွေ (ငြိမ်း/မြန်မာ့စီးပွားရေးဦးပိုင်)-ဒေါ်ကြူကြူသင်း၊ ဦးကိုကိုဦး၊ ဗိုလ်မှူးတင့်ဇော် (ငြိမ်း/မြန်မာ့စီးပွားရေးဦးပိုင်)-ဒေါ်စောကလျာဝင်း၊ ဗိုလ်မှူးသန်းနိုင်(ငြိမ်း/Air ကမ္ဘောဇ)-ဒေါ်သန်းသန်းခိုင်၊ ဦးဖိုးစန်းကျော် (VTCL-မော်တော်ယာဉ်ဌာန)-ဒေါ်မိုးမိုးခိုင် (မြို့နယ်/အမျိုးသမီးရေးရာအလုပ် အမှုဆောင်)၊ ဦးဇော်မင်းထွေး-ဒေါ်သန္တာတို့၏ကျေးဇူးရှင်ဖခင်၊ မြေး ၁၈ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ချစ်ပို၏ချစ်လှစွာသောခင်ပွန်း၊ ပတ္တမြားလူမှုရေးကူညီမှု အသင်းဝင် အမှတ်(A-293)သည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ ပတ္တမြားမြို့သစ်၊ ဇဗ္ဗူရာဇ်လမ်း၊ အမှတ်(၇၇)နေ (ဦးတင်ထွေး)-ဒေါ်ချစ်ပိုတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အမာ
## အသက်(၉၀)

ဦးမောင်မောင်သိမ်း [ဝန်ကြီး-ငြိမ်း၊ မွေး/ရေ ဝန်ကြီးဌာနနှင့် ဥက္ကဋ္ဌ(ကမ္ဘာ့ရတနာဘဏ်)]-ဒေါ်မြင့်မြင့်အေးတို့၏ မိခင်ကြီး ဒေါ်အမာသည် ၁၀-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်အေး(ဒုဝန်ကြီး-ငြိမ်း)-ဒေါ်ညွန့်တင် (အင်/ယာ မှူး-ငြိမ်း) မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်နု
## အသက်(၈၉)နှစ်

သူငယ်ချင်း Captain အောင်နိုင်ဦး (AMAS Co., Ltd.)နှင့် ဒေါ်ခင်နှင်းထွေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ယဉ်နုသည် ၁၂-၁-၂၀၁၉ ရက် ညနေ ၆း၄၃ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

# အနိစ္စ

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မြင့်မြင့်ဆွေ
## (Mrs.Rockefeller)
### အကြီးတန်းစာရေး၊ ဘဏ္ဍာရေးဌာန၊ မြန်မာ့မီးရထား(ငြိမ်း)
## အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အလယ်ဗဟိုလမ်းမ (၈၉/၄၉)၊ ပထမထပ်နေ (သိက္ခာတော်ရဆရာ ဦးစိန်ထွန်း-ဒေါ်လှ)တို့၏ သမီးကြီး၊ (စောအီဘထွန်း-နော်ဖြူထေ)တို့၏ သမီးချွေးမ၊ စောရော့ကဖဲလာ၏ ချစ်လှစွာသောဇနီး၊ စောနပိုလီယံ-နော်ဟယ်လင်၊ စောပဲပဲ-နော်စီစီလျာ၊ စောလူးသာ-(နော်ကေသီလူး)၊ (စောဝေလျံ)-နော်ဂျူးဒီ၊ နော်စူဇီအဲနာထွန်းတို့၏ အစ်မကြီး၊ ဦးခင်မောင်ဦး၊ (ဦးခင်မောင်ဝင်း)တို့၏ ညီမငယ်၊ ဒေါ်မြင့်မြင့်မေ၊ ဦးနေဝင်း၊ (ဒေါ်မြင့်မြင့်ကြည်)တို့၏ အစ်မကြီး၊ ဦးသက်ကိုဦး-နော်မိုရင်းထွန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ စောစံမြူအယ်(လ်)ထွန်း(အထက-၂၊ မရမ်းကုန်း)၊ စောအဲ(လ်)ထန်ထွန်း(အထက-၂ မရမ်းကုန်း)၊ နော်ရေချယ်ခြူးသက်ကိုတို့၏ ချစ်လှစွာသောအဘွား ဒေါ်မြင့်မြင့်ဆွေသည် ၁၂-၁-၂၀၁၉ (စနေနေ့) နံနက် ၆း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက် ခန်းမ(၂)၌ ဝတ်ပြုကိုးကွယ်ပြီး ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းမြှုပ်နှံ သဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
## ဦးဝင်း
## အသက်(၆၅)နှစ်
### ရာ-၄၇၆

ပေါင်းတည်မြို့၊ ရှမ်းစုလမ်းနေ ဒေါ်ငွေငွေ၏ ခင်ပွန်းသည် ၁၀-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ကိုအောင်ဝင်း
## အသက်(၄၈)နှစ်
**B.E (Textile), Dip in Civil, Dip in Building D.B.L, D.M.L, Dip in Applied Psychology**

ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ နဝရတ်လမ်း၊ အမှတ်(၄၂)နေ [ဒု-ဗိုလ်မှူးကြီး Dr. ခင်ဝင်း(ငြိမ်း)]-ဒေါ်မြင့်မြင့်မော်တို့၏ ချစ်လှစွာသော ဒုတိယသား၊ Captain ဦးကျော်ဝင်း (Maersk Line)-ဒေါ်အိရွှေစင်တို့၏ညီ၊ Captain ဦးသိန်းဝင်း (Maersk Line)-ဒေါ်စုစုလင်း၊ ဦးကျော်မောင်မောင်ဦး(ရွှေမင်းသမီး အထည်ဆိုင်၊ စတိုးဆိုင်သုံးပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး)-ဒေါ်ခင်ဝင်းမော်တို့၏အစ်ကို၊ ဒေါ်အိနန္ဒာလင်း (တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ရှင်းသန့်ကြည်လင်၏ ချစ်လှစွာသောဖခင်၊ မောင်အောင်မင်းခန့် (Bachelor in Business and Management at Myanmar Imperial University)၊ မောင်ခန့်ပြည့်စုံ (3rd year, Myanmar Maritime University)၊ မစုဖြူစင်ဝင်း[1st year, University of Medicine(2) Yangon]၊ မောင်မင်းမြတ်ဝင်း (တတိယတန်း၊ ICEC)တို့၏ချစ်လှစွာသော ဦးလေး/ဘကြီးသည် ၁၃-၁-၂၀၁၉ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အင်းစိန်မြို့နယ်၊ ကန်လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ စန္ဒာမဏိ မဟာထေရ်မြတ်
## သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ အောင်ဓမ္မာရုံကျောင်းဆရာတော် (ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ပေါက်တူးတောင်ရွာဇာတိဖွား)၊ အောင်ဓမ္မာရုံ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရေကြည်တော်ဝတ်အသင်း၊ ကလျာဏပါရမီအသင်းတို့၏ ဩဝါဒါစရိယ (မိုးကုတ်ဓမ္မကထိက) ဆရာတော်အရှင်မြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက်)၊ ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်)၊ ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အောင်ဓမ္မာရုံကျောင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဈာပနပွဲတော်ဖြစ်မြောက်ရေးကော်မတီ
အောင်ဓမ္မာရုံကျောင်းတိုက်၊ စမ်းချောင်း၊ ရန်ကုန်

## ဒေါ်အမာစီ
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သဘာဝရိပ်ငြိမ်၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ အမှတ် (၄/၂၈-B)နေ (ကိုအေးမောင်)-ဒေါ်နီတို့၏ သမီး၊ (ဦးမြသွင်)၏ ဇနီး၊ ဦးသိန်းထွန်း-ဒေါ်ငြိမ်းမြတ်ထင်၊ ဦးသက်အောင်-ဒေါ်နုရီ၊ ဦးမြင့်သန်း (တ/ဥက္ကလာထွေအုပ်)-ဒေါ်ခင်ဆွေ(မ-၁၇၊ မရမ်းကုန်း)၊ ဦးစိုးနိုင်-ဒေါ်မြမြဆွေ၊ ဦးအောင်စိုး(ပန်းဘဲတန်း-သမဦးစီး)-ဒေါ်ညိုညို (ဒန်သထ္ထူ)၊ ဒေါ်မြမြဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်း
### ဌာနခွဲမှူး(ငြိမ်း)
### စက်မှု-၁၊ အထည်
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဘခင်-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ အမှတ်(၈၇၀)၊ လေးလွှာ(ခေါင်းရင်း)၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ [ဦးမြ (စက်မှုအထည်-ငြိမ်း)]၏ ဇနီး၊ ဦးမောင်မောင်လွင်-ဒေါ်ခင်မြမြခက်၊ ဦးသန်းစိုး-ဒေါ်မြင့်သက်နွယ်(ရွှေမျက်ချယ်-ဆန်စက်)၊ ဒေါ်နီလာသန်း[CG(Myanmar)]တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၂-၁-၂၀၁၉ (စနေနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး
## ဒေါ်စန်းကြည်(ခ)ဒေါ်ချို
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃-ခ၊ ရပ်ကွက်)၊ ဝေဇယန္တာလမ်း၊ အမှတ်(၉၅-အီး)နေ ဦးမောင်ကို (M.D/M.S.S)၏ ချစ်လှစွာသောဇနီး၊ ဦးထင်ပေါ် C/O (F.G)၊ Capt. ခင်ဇော်(Master Mariner F.G)-Dr.သီတာဝင်း (ဒု-ညွှန်မှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ Capt.ကျော်ကျော် (Master Mariner F.G)-(Dr.မြစန္ဒီအောင်)၊ ဦးလှဝင်းထွန်း-ဒေါ်နီနီအောင်၊ ဦးကျော်မင်းထွန်းတို့၏ မိခင်ကြီး၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၃-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်(ဆက်သွယ်ရေး) (၈၆)နှစ်

၅-၁-၂၀၁၉ ရက်နေ့ ညနေ ၃ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင် အသက်(၈၆)နှစ် (ဆက်သွယ်ရေး)၏ နာမကျန်းဖြစ်ချိန်မှ နောက်ဆုံးအချိန်ထိ အစစအရာရာ ဝိုင်းဝန်းပြုစု ကုသစောင့်ရှောက်ပေးခဲ့ကြသည့် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၊ တပ်မှူးကြီးနှင့်တကွ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများအားလည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍ သက်နံ့ပရိက္ခရာ လှူဘွယ်ပစ္စည်းအစုစုနှင့် လွမ်းသူပန်းခြင်းများ ပေးပို့ကြသော ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တကွ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဖခင်ကြီး၏ နောက်ဆုံးဈာပနသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီး(ငြိမ်း)များ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ နာရေးကာလတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးကြသူများ၊ ကွယ်လွန်ချိန်မှစ၍ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ Social Media များမှဖြစ်စေ နှစ်သိမ့်အားပေးဆုတောင်း မေတ္တာပို့သကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်အပေါင်းကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်လစ်ဟာမှုများ ရှိခဲ့ပါလျှင် ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ပြည်တွင်းခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုလအတွင်း ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုလအတွင်း ခြေစမ်းပွဲတစ်ပွဲကစားထားပြီး သုံးပွဲထပ်မံကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက်တွင် ကစားမည့်ခြေစမ်းပွဲအတွက် အသင်းညှိနှိုင်းလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၇ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် မြောက်ဒဂုံလူငယ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ ဇန်နဝါရီ ၁၂ ရက်က ကစားသည့် ဒုတိယခြေစမ်းပွဲတွင် လှိုင်သာယာလူငယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်နေပြီး ပဏာမကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဧပြီပထမပတ်တွင် ကျင်းပမည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲပြီးဆုံးပါက အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



# မန္တလေးမြို့၌ နှစ်ပေါင်း ၂၃၀ ကျော်ရှိ ကန်တော်မင်္ဂလာကြီးအား လာရောက်လေ့လာနိုင်

မန္တလေး ဇန်နဝါရီ ၁၃

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် စစ်ကိုင်း-မန္တလေးကားလမ်းမဘေး မဟာစန္ဒာမုနိဘုရားဝင်းအတွင်း နှစ်ပေါင်း ၂၃၀ ကျော်ရှိ ရှေးဟောင်းသမိုင်းဝင် ကန်တော်မင်္ဂလာကြီးသို့ ပြည်တွင်း ပြည်ပ ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်နေရာတစ်ခုအဖြစ် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။** စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❖



ဖွဲ့ကပင်အသင်းထိုးဖောက်မှုကို ဒဂုံဂိုးသမား ရန်အောင်လင်းနှင့် နောက်ခံလူများ ကာကွယ်နေစဉ်။

# တန်းတက်ဒဂုံအသင်း ဇွဲကပင်ကို အနိုင်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ တန်းတက်ဒဂုံနှင့် Southern အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

**(သုဝဏ္ဏကွင်း)**

**ဒဂုံ - သုံးဂိုး**

**ဇွဲကပင် - တစ်ဂိုး**

ပြီးခဲ့သည့်ရာသီက တတိယနေရာရခဲ့သည့် ဇွဲကပင်အသင်းသည် ယခုရာသီတွင် အဖွင့်ပွဲမှာပင် မထင်မှတ်သည့် ရှုံးပွဲကြုံတွေ့ခဲ့သည်။ နည်းပြချုပ် ဦးမင်းကြည်၏ တန်းတက် ဒဂုံအသင်းသည် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ပြည်တွင်းကစားသမားများ၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒဂုံအသင်းသည် ၂၀၁၈ ရာသီ တတိယရခဲ့သည့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❋**



